မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ ဝါခေါင်လပြည့်ကျော် ၉ ရက်၊ ၂၀၀၈ ခုနှစ်၊ ဩဂုတ် ၂၅ ရက်၊ တနင်္လာနေ့၊ အတွဲ (၄၇)၊ အမှတ် (၃၂၅)

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ထိုင်းနိုင်ငံတို့၏ သံတမန်ဆက်သွယ်သည့် နှစ်(၆၀)ပြည့် အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်ချီးမြှင့်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ရန်ကုန်မြို့ ဒဂုံမြို့နယ် ပြည်လမ်းရှိ ထိုင်းနိုင်ငံသံရုံး၌ ကျင်းပသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ထိုင်းနိုင်ငံတို့၏ သံတမန်ဆက်သွယ်သည့် နှစ်(၆၀)ပြည့် အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်ချီးမြှင့်ရာ ဧည့်သည်တော် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး **H.E.Mr. Tej Bunnag** ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နေပြည်တော် ဩဂုတ် ၂၄

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ယနေ့ညနေ ၆ နာရီ ၄၅ မိနစ်တွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ပြည်လမ်းရှိ ထိုင်းနိုင်ငံသံရုံး၌ ကျင်းပသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ထိုင်းနိုင်ငံတို့၏ သံတမန်ဆက်သွယ်သည့် နှစ်(၆၀)ပြည့် အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်ချီးမြှင့်ရာ ရန်ကုန်မြို့၌ ရောက်ရှိနေသော ဧည့်သည်တော် ထိုင်းနိုင်ငံနိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E.Mr. Tej Bunnag၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Bansarn Bunnag နှင့် ကြည်း၊ ရေ၊ လေ စစ်သံမှူးများက ကြိုဆိုနှုတ်ဆက်ကြသည်။

တက်ရောက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ထိုင်းနိုင်ငံတို့၏ သံတမန်ဆက်သွယ်သည့် နှစ်(၆၀)ပြည့် အထိမ်းအမှတ်အခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းနှင့်ဇနီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့်ဇနီး၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေနှင့်ဇနီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်နှင့်ဇနီး၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်း၊ သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံစစ်သံမှူး Colonel Ekachai Harnpoonvittaya နှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ စစ်သံမှူးများ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

လက်မှတ်ရေးထိုး

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံရုံး၏ ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E.Mr.Tej Bunnag တို့အား အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်လာကြသည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ သံအမတ်ကြီးများက ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ■

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ထိုင်းနိုင်ငံတို့၏ သံတမန်ဆက်သွယ်သည့် နှစ်(၆၀)ပြည့် အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်ချီးမြှင့်စဉ်နှင့် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး **H.E.Mr. Tej Bunnag** ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် ဩဂုတ် ၂၅ ရက်)

ကျေးလက်ပြည်သူများ၏ လူမှုစီးပွားဘဝ ပိုမိုမြင့်မားရေး အရှိန်အဟုန်မြင့် ဝိုင်းဝန်းလက်တွဲဆောင်ရွက်

နိုင်ငံတော်အစိုးရသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်အဖြစ် ကြိုးပမ်းဖော်ဆောင်ရာတွင် ပြည်ထောင်စုတစ်ဝန်း အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်ရန် ဦးတည်ကြိုးပမ်းလျက် ရှိသည်။

ယင်းသို့ ဆောင်ရွက်ရာတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းနှင့် အထူးဖွံ့ဖြိုးရေးဒေသကြီး ၂၄ခု စီမံကိန်းတို့ချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ တောနှင့်မြို့ စီးပွားရေးနှင့်လူမှုရေး ကွာဟချက် လျော့နည်း ပပျောက်စေရန် လူမှုစီးပွားဘဝ ဖွံ့ဖြိုးစည်ပင်ရန် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးသည် အခြေခံလိုအပ်ချက်ပင်ဖြစ်သည်။

ထို့ကြောင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်း လုပ်ငန်းစဉ်(၅)ရပ်ဖြစ်သော လမ်းပန်းဆက်သွယ်ရေး၊ သောက်သုံးရေရရှိရေး၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးမွေးမြူရေးတို့ကို အရှိန်အဟုန်မြင့် ဖော်ဆောင်ခဲ့သည်။

ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံလိုအပ်ချက်ဖြစ်သည့် ကျေးရွာချင်း၊ မြို့နယ်ချင်းနှင့် ခရိုင်ချင်းဆက်လမ်းများကို နိုင်ငံတစ်ဝန်း တိုးချဲ့ဖောက်လုပ်ပေးခဲ့သည်။ ကျေးလက်နှင့် မြို့ပြဆက်သွယ်သည့် လမ်းများ၊ မြစ်ကူး၊ချောင်းကူးတံတားများ နိုင်ငံအနှံ့ ဖောက်လုပ်ပေးခဲ့ရာ ကျေးလက်ပြည်သူများ ကူးသန်းသွားလာမှု လွယ်ကူချောမွေ့နေပြီ ဖြစ်သည်။

သန့်ရှင်းသော သောက်သုံးရေနှင့် စိုက်ပျိုးရေရရှိရေးအတွက် စီမံကိန်းများ ချမှတ်ဆောင်ရွက်ခဲ့ရာ ရေခက်ခဲသော ကျေးရွာနှင့် ရေလုံလောက်မှုမရှိသော ကျေးရွာများတွင် သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာရရှိနေကြပြီဖြစ်သည်။

ထို့အတူ ကျေးလက်ပြည်သူများ စွမ်းရည်မြင့်တင်ရေးအတွက် စာသင်ကျောင်းများ တိုးချဲ့တည်ဆောက်ခြင်း၊ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်ပေးခြင်းတို့သည်လည်း ကျေးလက်ပြည်သူများ၏ အသိပညာဗဟုသုတကို တိုးပွားဖွံ့ဖြိုးစေခဲ့သည်။

သို့ဖြစ်ပေရာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကျေးလက်ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုသည် အခြေခံလိုအပ်ချက်ဖြစ်သည်နှင့်အမျှ ဒေသခံပြည်သူများကပါ လက်တွဲပါဝင် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြဝတီရုပ်မြင်သံကြား

၂၅-၈-၂၀၀၈ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၅ ၃။ အမျိုးသားရေးတေးကဗျာ
၄:၂၀ ၄။ ချိုမြလက်သံငြိမ့်ညောင်းဟန်
၄:၃၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၄၅ ၆။ မျိုးချစ်တပ်မတော်
၄:၅၀ ၇။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅:၂၀ ၈။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၅:၃၀ ၉။ ဗွီစီဒီကျော်ကြားတေးများ
၅:၄၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
၆:၂၀ ၁၃။ အမျိုးသားရေးတေးကဗျာ
၆:၂၅ ၁၄။ သွက်လက်လှုပ်ရှား ကစားစို့လား
၆:၄၅ ၁၅။ လှျပ်တစ်ပြက်
၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **စံပါပဲ** (အပိုင်း-၉)
၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ မိုးလေဝသသတင်း
၁၉။ အမျိုးသားရေးတေးကဗျာ
၂၀။ လယ်တီဆရာတော်ကြီး၏ ထေရုပ္ပတ္တိ **ထူးချွန်ထင်ရှားတပည့်များ(၂)**
၂၁။ မေးမြန်းစူးစမ်း
၂၂။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
၂၃။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အဖြူရောင်မြွေမင်းသမီးလေး** (အပိုင်း -၄၃)

ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ လုပ်ငန်းညှိနှိုင်းစည်းဝေး တိုင်းမှူးဗိုလ်မှူးချုပ်ရာပြည့် တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဩဂုတ် ၂၄

ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ၂၀၀၈ခုနှစ် ပထမလေးလပတ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၄ရက်နှင့် ၅ရက်က တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရာပြည့် **(အပေါ်ပုံ)**က အဖွင့်အမှာစကားပြောကြားပြီး ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိခရိုင်၊မြို့နယ်နှင့်မြို့များ အလိုက်ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်မှု အခြေအနေများ၊ စီမံကိန်းလျာထားချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဒေသဝမ်းစာ ဖူလုံမှုအခြေအနေများ၊ ဆီထွက်သီးနှံ တိုးချဲ့စိုက်ပျိုးမှု၊ ခြံစည်းရိုးကြက်ဆူ စိုက်ပျိုးပြီးစီးမှု အခြေအနေများ၊ လမ်းပန်းဆက်သွယ်ရေးနှင့် ကုန်စည်ပို့ဆောင်မှု အခြေအနေများကို သက်ဆိုင်ရာ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် မြို့အုပ်ချုပ်ရေးမှူးများက အသီးသီး ရှင်းလင်းတင်ပြရာ တိုင်းမှူးက လိုအပ်သည်များ ပြန်လည် မှာကြားသည်။

ဒုတိယနေ့

ဆက်လက်၍ ဒုတိယနေ့အစည်းအဝေးကို ဩဂုတ်၅ရက် နံနက်၈နာရီတွင်ကျင်းပရာ ပြည်နယ်အဆင့် ဌာနဆိုင်ရာနှင့် ကြီးကြပ်မှုကော်မတီများမှ တာဝန်ရှိသူများက မိမိတို့ဌာန၊ လုပ်ငန်းအလိုက် စီမံကိန်းလျာထားချက်နှင့် စီမံကိန်းလျာထားချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်း အခြေအနေများနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက်ယခင်လေးလပတ်ကာလအတွင်း အားနည်းချက်များ ပြုပြင်ဆောင်ရွက်ရမည့် အခြေအနေများအား အသီးသီး ရှင်းလင်းတင်ပြကြရာ တိုင်းမှူးက လိုအပ်သည်များညှိနှိုင်းဖြည့်ဆည်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကြောင်း သိရသည်။

(ပြည်နယ် ပြန်/ဆက်)

ပေးအပ်လှူဒါန်း

ရန်ကုန်မြို့ အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၏ စာတော်ပြန်ပွဲ ထာဝရဆွမ်းပဒေသာပင်အတွက် အမှတ် ၈၄ ၅၂လမ်း ပုဇွန်တောင်မြို့နယ်နေ ဒေါက်တာဗိုလ်ကျော်ဇော- ဒေါ်စုနီတာ မိသားစုက အသင်းကြီး၏ ဒုတိယဥက္ကဋ္ဌ ဦးတင်ထွဋ်ထံ အလှူငွေ ကျပ်တစ်သိန်းပေးအပ်လှူဒါန်းစဉ်။ (မြန်မာ့အလင်း)

ရွှေကူ-ငါးဘတ်ဝ တံတားပြုပြင်ခြင်း လုပ်ငန်းဆောင်ရွက်

ရွှေကူ ဩဂုတ် ၁၀

ရွှေကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ရွှေကူ-ငါးဘတ်ဝတံတားကောင်းမွန်ရေးအတွက် ပြုပြင်ဆောင်ရွက်နေမှုကို ဇူလိုင် ၂၇ရက်က အငယ်တန်းအင်ဂျင်နီယာ-၂ ဦးဝင်းကျော်ကျော် ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၅-၈-၂၀၀၈ (တနင်္လာနေ့)

AM & PM

၇:၀၀-၁:၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅-၁:၀၅ **ဓမ္မစကြာ၊ အနတ္တလက္ခဏာသုတ်** တရားတော် [အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တအရဝိန္ဒာဘိဝံသ (ရွှေလင်းယုန်ဆရာတော်)]
၇:၅၀-၁:၅၀ သဒ္ဒါကြည်ဖြူ ဝါတွင်းသုံးလ အရဏ်ဆွမ်းအလှူ
၈:၁၅-၂:၁၅ VJ Choice
၈:၄၀-၂:၄၀ စွမ်းအားများဖြင့်ပြည့်ဝစေသည်G.P
၈:၅၅-၂:၅၅ တေးဂီတအစီအစဉ်
၉:၀၀-၃:၀၀ ပြည်တွင်းသတင်းအကျဉ်း
၉:၁၀-၃:၁၀ စမ်းသပ်စိုက်ပျိုးဝင်ငွေတိုး (ချင်းစိုက်ပျိုးနည်း)
၉:၂၀-၃:၂၀ နိုင်ငံတကာသတင်းအကျဉ်း
၉:၃၀-၃:၃၀ အစွမ်းထက်မြက်ဆေးတစ်လက်
၉:၄၅-၃:၄၅ မိုးလေဝသခန့်မှန်းချက်
၉:၅၀-၃:၅၀ တေးဂီတအစီအစဉ်
၉:၅၅-၃:၅၅ စိတ်ဝင်စားစရာ ကျောက်မျက်ကမ္ဘာ (တော်ဝင်ခမ်းနားပတ္တမြား) (အပိုင်း-၂)
၁၀:၁၅-၄:၁၅ ပြည်တွင်းသတင်းအကျဉ်း
၁၀:၂၅-၄:၂၅ ကျေးပင်အက်ရေလှောင်တမံ
၁၀:၃၅-၄:၃၅ တေးဂီတအစီအစဉ်
၁၀:၄၀-၄:၄၀ နိုင်ငံတကာသတင်းအကျဉ်း
၁၀:၄၅-၄:၄၅ လွယ်ကူသက်သာ မြန်မာ့ဟင်းလျာ (ဝက်သားပုန်းရည်ကြီးချက်)
၁၁:၁၅-၅:၁၅ တေးဂီတအစီအစဉ်
၁၁:၂၀-၅:၂၀ သတ္တုစပ်နည်းပညာမှသည် အကြွင်းမဲ့လုံခြုံမှုဆီသို့
၁၁:၃၅-၅:၃၅ Beautiful and Dawntless Females
၁၂:၂၀-၆:၂၀ MRTV-4 ကျန်းမာရေးကဏ္ဍ (သိမှတ်ဖွယ်ရာကင်ဆာရောဂါ) (ဒေါက်တာမိုးအောင်ကျော်နိုင်နှင့် တွေ့ဆုံခြင်း)
၁၂:၅၅-၆:၅၅ တေးဂီတအစီအစဉ်
၁:၀၀-၇:၀၀ MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူ ကြည့်ရှုနိုင်ပါသည်။

English Premier League ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁:၂၄	Portsmouth-Man Utd	ESPN (Live)

■ *ရှေ့ဖုံးမှ*

ဆက်လက်၍ ဧည့်သည်တော် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးက ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ထိုင်းနိုင်ငံတို့၏ သံတမန်ဆက်သွယ်သည့် နှစ်(၆၀)ပြည့် အထိမ်းအမှတ်အခမ်းအနား ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ဖျော်ဖြေတင်ဆက်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသည့် ဧည့်သည်တော်များအား ထိုင်းရိုးရာ အစားအစာများဖြင့် တည်ခင်းဧည့်ခံပြီး နှစ်နိုင်ငံအနုပညာရှင်များက ရိုးရာယဉ်ကျေးမှု အကပဒေသာများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။ **(သတင်းစဉ်)**

ရွှေရတုတိပိဋကဓရ မော်ကျွန်းဆရာတော် တရားပွဲ

ရန်ကုန် ဩဂုတ် ၂၄

ရန်ကင်းမြို့နယ် မိုးကောင်းဆုတောင်းပြည့်စေတီတော် ဗုဒ္ဓသာသနာ့ဝေယျာဝစ္စ နိဗ္ဗာန်ဆော်ဝတ်အသင်း အရိယာဓမ္မာရုံကြီးတွင် ဒဂုံမြို့သစ်(တောင်ပိုင်း) နိကာယ် စာသင်တိုက်ကြီး၏ ပဓာနနာယကဆရာတော် ရွှေရတုတိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အရှင်သီလက္ခန္ဓာဘိဝံသ (မော်ကျွန်း ဆရာတော်)သည် ဝါခေါင်လကွယ်နေ့ (ဩဂုတ် ၃၀ရက်)စနေနေ့ မွန်းလွဲ၂နာရီတွင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ပြီး ဆရာတော်၏ တပည့် ဒါယကာ၊ဒါယိကာမများက ဝါဆိုသင်္ကန်းအစရှိသော လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်း ပူဇော်ကြမည်ဟု သိရသည်။ **(မြန်မာ့အလင်း)**

စိတ်ကောင်းနှင့်ယှဉ်

အများအကျိုး၊ ရွက်သယ်ပိုးကာ၊ ခနိုးခနဲ့
ဆိုကဲ့ရဲ့လည်း၊ မဖွဲ့စကောင်း၊ ကိုယ့်လမ်းကြောင်း
ကို၊ စိတ်ကောင်းနှင့်ယှဉ်၊ ရှေးရှုနှင်လော့။

(ရွှေဟင်္သာဆရာတော်ဘုရားကြီး)

နေပြည်တော် လယ်ဝေးမြို့နယ်အတွင်းရှိ ပရိယတ္တိစာသင်တိုက်နှင့် သီလရှင်စာသင်တိုက်များသို့ တပ်မတော် (ကြည်း၊ရေ၊လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင်အလှူငွေများ ဆက်ကပ်လှူဒါန်း

နေပြည်တော် ဩဂုတ် ၂၄

နေပြည်တော် ပျဉ်းမနားခရိုင် နေပြည်တော် လယ်ဝေးမြို့နယ်အတွင်းရှိ ပရိယတ္တိစာသင်တိုက်လေးတိုက်နှင့် သီလရှင်စာသင်တိုက်နှစ်တိုက်တို့သို့ တပ်မတော် (ကြည်း၊ရေ၊လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင်အလှူငွေများ ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ၁နာရီတွင် နေပြည်တော် လယ်ဝေးမြို့ (၆) ရပ်ကွက်ရှိ ပေါက်မြိုင် ပရိယတ္တိစာသင်တိုက် ရွှေကျောင်းတော်၌ကျင်းပရာ စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင် တက်ရောက်ကြည်ညိုပြီး ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

သီလခံယူဆောက်တည်

ရှေးဦးစွာ နေပြည်တော် လယ်ဝေး မြို့နယ် ပေါက်မြိုင် ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တဇနိန္ဒထံမှ ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ဆရာတော် ဘဒ္ဒန္တဇနိန္ဒထံ စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင်က သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ သာသနာရေးဝန်ကြီး ဌာနဒုတိယဝန်ကြီးဗိုလ်မှူးချုပ်သူရအောင်ကို၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် အလှူရှင်များက ဆရာတော် သံဃာတော်များအား လှူဖွယ် ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆန်၊ ဆီ၊ ဆားလှူဒါန်း

ယင်းနောက် တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများက လှူဒါန်းသည့် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲတို့ကို တပ်မတော် (ကြည်း၊ ရေ၊ လေ)မိသားစု များကိုယ်စား တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ် လှရွှေ၊ စစ်ဦးစီးဗိုလ်မှူးကြီး(ရေ) ဗိုလ်မှူးကြီး တင်အောင်စန်းနှင့် စစ်ဦးစီး အရာရှိချုပ် (လေ)ဗိုလ်ချုပ်ခင်အောင်မြင့်တို့က ဆရာ တော်ကြီးထံ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် သာသနာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင် လီမိတက်၊ သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ ဆားနှင့် အဏ္ဏဝါ ဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း၊ ကျန်းမာရေးဝန်ကြီးဌာနတိုင်းရင်းဆေးပညာ ဦးစီးဌာန၊ နေပြည်တော် ပျဉ်းမနားခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ နှင့် စေတနာရှင် အလှူရှင်များက ဆွမ်းဆန် တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲတို့ကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြသည်။

အလှူငွေများပေးအပ်

ဆက်လက်၍ ကျောင်းတိုက်များ အတွက် ဆွမ်းပဒေသာပင်အလှူငွေများကို လှူဒါန်းကြရာ တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများက ငွေကျပ် ၆၀၀၀၀၊ နေပြည်တော် ပျဉ်းမနားခရိုင်၊ မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ များနှင့် အလှူရှင်များက ငွေကျပ် ၂၅၈၀၀၀၊ ထူးကုမ္ပဏီလီမိတက်၊ မြန်မာပြည်သားဟော့ (ရေလုပ်ငန်းမိသားစု)၊ အမျိုးသားကြီးပွား တိုးတက်ရေး ကုမ္ပဏီလီမိတက်နှင့် ဆန်း မြန်မာကုမ္ပဏီတို့က အလှူငွေများကို ပေးအပ် လှူဒါန်းကြရာ စစ်ရေးချုပ် ဗိုလ်ချုပ် သူရမြင့်အောင်က လက်ခံပြီး ဂုဏ်ပြု မှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် Elite Geonet Co., Ltd.၊ TZTM ကုမ္ပဏီနှင့် စေတနာရှင် အလှူရှင်များက အလှူငွေကျပ် ၁၃၉၅၃၀၀၀ တို့ကို ပေးအပ်လှူဒါန်းကြသည်။

လှူဒါန်းမှု

ယနေ့ လှူဒါန်းသည့် လှူဒါန်းမှုအစုစု မှာ ဆွမ်းဆန်တော် ၂၃၄ အိတ် ၁၈ပြည်၊ ဆီ ၄၅ ပိဿာ ၅၀ကျပ်သား၊ ပဲ ၇၇ပိဿာ၊ ဆား ၃၈၅ ပိဿာ၊ သွားတိုက်ဆား ၇၇ ဘူး၊ ငရုတ်သီးမှုန့်ထုပ် ၅၀၀၊ တိုင်းရင်းဆေး မျိုးစုံ ၆၉၄၇ဘူးနှင့် ဆွမ်းပဒေသာပင် အလှူငွေကျပ် ၁၃၉၅၃၀၀၀ ဖြစ်သည်။ **(သတင်းစဉ်)**

အလှူငွေများ ပေးအပ်လှူဒါန်း

စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင်ထံ နေပြည်တော်လယ်ဝေးမြို့နယ်အတွင်းရှိ ပရိယတ္တိစာသင်တိုက်လေးတိုက်နှင့် သီလရှင်စာသင်တိုက်နှစ်တိုက်တို့သို့ တပ်မတော် (ကြည်း၊ရေ၊လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေများ ပေးအပ်လှူဒါန်းပွဲတွင် အလှူရှင်တစ်ဦးက အလှူငွေများပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ပြည်နယ်နှင့်တိုင်း ဘတ်စကက်ဘောပြိုင်

ရန်ကုန် ဩဂုတ် ၂၄

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ယမန်နေ့ညနေ၃နာရီက ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံ အားကစားပြိုင်ပွဲရုံ၌ ကျင်းပသော ၂၀၀၈ခုနှစ် (၃၉)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ဘတ်စကက်ဘောပြိုင်ပွဲ၊ အသက်၁၈နှစ်အောက် လူငယ်ဘတ်စကက်ဘောပြိုင်ပွဲနှင့် ၂၀၀၈ခုနှစ် အမျိုးသားတံခွန်စိုက် ဘတ်စကက်ဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲများကို ဖွင့်လှစ်ပေးသည်။

ဖွင့်လှစ်

ရှေးဦးစွာ ပြိုင်ပွဲဝင်အသင်းများက သတ်မှတ်နေရာ၌ နေရာယူကြကာ ယမန်နှစ် ချန်ပီယံအသင်းများက ဝန်ကြီးအား ဒိုင်းဆုကြီးများကို ပြန်လည်အပ်နှံကြပြီး မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က အဖွင့်အမှာစကား ပြောကြား၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ဆက်လက်ကျင်းပ

ပြိုင်ပွဲကို ဩဂုတ်၂၃ရက်မှ ၂၉ရက်အထိ နေ့စဉ် နံနက်၈နာရီမှ စတင်၍ ယင်း အားကစားပြိုင်ပွဲရုံ၌ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး ဘုန်းတော်ကြီးသင်စာသင်ကျောင်းများသို့ ဗလာစာအုပ်နှင့် ခဲတံများလှူဒါန်း

ရန်ကုန် ဩဂုတ် ၂၄

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးသည် ဩဂုတ်၂၂ရက် ညပိုင်းတွင် ပြည်မြို့ ခေတ္တရာဧည့်ရိပ်သာ၌ ပဲခူးတိုင်း (အနောက်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ တိုင်း၊ ခရိုင်အမှုဆောင်များနှင့်တွေ့ဆုံ၍ အသင်းဆိုင်ရာ ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးမှာကြားသည်။

ဆွေးနွေး

ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးသည် ဩဂုတ်၂၃ရက် နံနက်ပိုင်းတွင် ရွှေတောင်မြို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ တိုင်း၊ ခရိုင်၊ မြို့နယ်အသင်း အတွင်းရေးမှူးနှင့် အမှုဆောင်များအားလည်းကောင်း၊ ကြို့ပင်ကောက်မြို့နယ်အသင်းရုံး၌ မြို့နယ်အသင်းအတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ အသင်းဝင်များအားလည်းကောင်း တွေ့ဆုံပြီး အသင်းဆိုင်ရာကိစ္စများကို ဆွေးနွေးမှာကြားသည်။

ဆက်ကပ်

ယင်းနောက် ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးသည် မင်းလှမြို့နယ် စိန်ကန့်လန့်ကျေးရွာ ရတနာပုံဘုန်းတော်ကြီးကျောင်း၌ ကျင်းပသော သာယာဝတီခရိုင် အတွင်းရှိ ဘုန်းတော်ကြီးသင်စာသင်ကျောင်းများသို့ ဝါဆိုသင်္ကန်းနှင့် စာရေးကိရိယာများလှူဒါန်းခြင်း အခမ်းအနားသို့ တက်ရောက်၍ ဆရာတော် မဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တသုနန္ဒထံမှ ငါးပါးသီလခံယူဆောက်တည်ကာ ဝါဆိုသင်္ကန်းနှင့် စာရေးကိရိယာများ ဆက်ကပ်လှူဒါန်းသည်။ **(ဝဲပုံ)**

ထို့နောက် စိတ္တသုခကျောင်းတိုက်ဆရာတော် မဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဓမ္မပီယထံမှ ရေစက်ချတရားနာယူ၍ လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေသည်။

အခမ်းအနားတွင် သာယာဝတီခရိုင်အတွင်းရှိ ဘုန်းတော်ကြီးသင် စာသင်ကျောင်းရှစ်ကျောင်းမှ ကျောင်းသား ကျောင်းသူများ အသုံးပြုရန် ဗလာစာအုပ်နှင့် ခဲတံများလှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

ရန်ကုန် ဩဂုတ် ၂၄

ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဩဂုတ် ၂၂ရက် ညနေ၄နာရီက ရန်ကုန်တိုင်း စစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းလမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေး၊ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးဆိုင်ရာများနှင့်စပ်လျဉ်း၍ အဖွင့်အမှာစကား ပြောကြားသည်။



ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရှင်းလင်းတင်ပြ

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် တက္ကသိုလ်၊ ကောလိပ်များမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ယာဉ်လိုင်းဥက္ကဋ္ဌများက တက္ကသိုလ်ကြို/ပို့ယာဉ်များဆိုင်ရာ ကိစ္စရပ်များ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များနှင့် ခရီးသွားပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် စီမံဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ညှိနှိုင်းဖြည့်ဆည်းပေး

ယင်းနောက် တိုင်းမှူးက တင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းပေးပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ ကျောက်မဲ၌ကျင်းပ

ကျောက်မဲ ဩဂုတ် ၂၄

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း မိသားစု ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဩဂုတ် ၉ရက်က ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့ အောင်မင်္ဂလာကျောင်းတိုက်၌ ကျင်းပသည်။

ငါးပါးသီလခံယူ

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး အောင်မင်္ဂလာကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဥာဏာလင်္ကာရထံမှ ငါးပါးသီလခံယူကြပြီး ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်းက ဝါဆိုသင်္ကန်း၊ နဝကမ္မအလှူငွေကျပ်တစ်သိန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းရာ**(အပေါ်ပုံ)** လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ ဝန်ကြီးသည် ကျောက်မဲမြို့ ရန်အောင်မြင်ကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိလာသထံ ဝါဆိုသင်္ကန်း၊ နဝကမ္မအလှူငွေကျပ်တစ်သိန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြောင်း သိရသည်။ **(ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်း)**

အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေး လုပ်ငန်းအဖွဲ့ ခေါင်းဆောင် ဒေါ်တင်တင်နွဲ့ အင်းစိန်မြို့နယ် အလက(၉)မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းအေးထံကျောင်း၏ပညာရေးလုပ်ငန်းအတွက် အသုံးပြုရန် အလှူငွေကျပ်တစ်သိန်း ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဆရာငြိမ်းအသက်(၉၀)ပြည့် မွေးနေ့ကန်တော့ပွဲနှင့် တက္ကသိုလ်အားကစားသမားဟောင်းများ တွေ့ဆုံပွဲ

ရန်ကုန် ဩဂုတ် ၂၄

မြန်မာ့လက်ရွေးစင် ဘောလုံးအသင်းနည်းပြဆရာဟောင်း တက္ကသိုလ်များ (ရန်ကုန်) အားကစားအရာရှိ(ငြိမ်း) ရန်ကုန်တက္ကသိုလ် မန္တလေးဆောင် အဆောင်မှူး(ငြိမ်း) ဆရာငြိမ်း၏ အသက် (၉၀)ပြည့် မွေးနေ့ကန်တော့ပွဲကို ဩဂုတ် ၃၁ ရက် (တနင်္ဂနွေနေ့) နံနက် ၇ နာရီခွဲတွင် တက္ကသိုလ်များ ဘောလုံးအားကစားကွင်း သထုံလမ်းတွင် ကျင်းပမည်ဖြစ်ရာ ဆရာငြိမ်း၏ တပည့်များအားလုံး မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားထားကြောင်း သိရသည်။ (မြန်မာ့အလင်း)

သံဃာ့ဆေးရုံသို့လှူဒါန်း

ဦးစောဝါးနှင့် ဒေါ်လေတီတို့အား ရည်စူး၍ အမှတ် ၁၆၉ သိမ်ဖြူလမ်း ကန်တော်ကလေး မင်္ဂလာတောင်ညွန့်မြို့နယ်နေ သားသမီး၊ မြေးမြစ်တစ်စုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ မျက်စိကုလေဆာစက်အတွက် အလှူငွေကျပ် ၃၃၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အကျိုးဆောင် စာရင်းစစ် ဦးဝင်းထိန် လက်ခံယူစဉ်။ (ဇီဝိတဒါနသံဃာ့ဆေးရုံ)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့ ပညာပေးဟောပြောပွဲ ကျင်းပ

ရန်ကုန် ဩဂုတ် ၂၄

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့မှ ကြီးမှူးကျင်းပသော အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၁၉ရက်က ရန်ကုန်တိုင်း အင်းစိန်မြို့နယ် အမှတ်(၉)အခြေခံပညာအလယ်တန်းကျောင်း၌ ကျင်းပသည်။

အမှာစကားပြောကြား

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေး လုပ်ငန်းအဖွဲ့ ခေါင်းဆောင် ဒေါ်တင်တင်နွဲ့က အဖွင့်အမှာစကားပြောကြားပြီး အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေး လုပ်ငန်းအဖွဲ့ခွဲ အဖွဲ့ဝင် ဒေါ်ယုဇနကျင်က အမျိုးသမီးများအား အကြမ်းဖက်မှုမှကာကွယ်ရေးအကြောင်း သိကောင်းစရာများ၊ အမျိုးသမီးငယ်ရွယ် လုပ်ငန်းအဖွဲ့ခွဲ အဖွဲ့ဝင်ဒေါက်တာဒေါ်မော်လီချစ်က ငယ်ရွယ်သူများနှင့် ကျန်းမာရေး လူမှောင်ခိုနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေးလုပ်ငန်း အဖွဲ့ခွဲအဖွဲ့ဝင် ဒေါ်ခင်ချိုအုန်းက လူကုန်ကူးမှု တားဆီးကာကွယ်ရေးဆိုင်ရာ သိမှတ်ဖွယ်ရာများ ခေါင်းစဉ်တို့ဖြင့် ပညာပေး ဟောပြောကြသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် မြန်မာနိုင်ငံအမျိုးသမီး ရေးရာအဖွဲ့ချုပ် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင်ဒေါ်တင်တင်နွဲ့က အင်းစိန်မြို့နယ် အမှတ်(၉) အခြေခံပညာအလယ်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းအေးထံ ကျောင်း၏ ပညာရေးလုပ်ငန်းအတွက် အသုံးပြုရန် အလှူငွေကျပ်တစ်သိန်း ပေးအပ်လှူဒါန်းပြီး ကျောင်းအုပ်ဆရာမကြီးက ကျေးဇူးတင်စကား ပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဟောပြောပွဲနှင့်စာအုပ်လှူဒါန်းပွဲ အထက(၂)ဗိုလ်တထောင်၌ ကျင်းပ

ရန်ကုန် ဩဂုတ် ၂၄

ဗိုလ်တထောင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်ပညာရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် ဟောပြောပွဲနှင့် စာအုပ်လှူဒါန်းပွဲ အခမ်းအနားကို ဩဂုတ် ၂၂ရက် နံနက် ၉ နာရီက အထက(၂)ဗိုလ်တထောင် ကျောင်းခန်းမ၌ ကျင်းပသည်။

ဟောပြော

အခမ်းအနားတွင် မြို့နယ်ဦးစီးမှူး ဒေါ်သန်းနွဲ့က ချစ်နိုင်(စိတ်ပညာ)၏ ရည်မှန်းချက်ရှိရမယ် စာအုပ်မှ ရည်မှန်းချက်ရှိရမယ်ခေါင်းစဉ်နှင့် ဟောပြောပြီးအထက (၂)မှ အထက်တန်းပြဆရာမ ဒေါ်ဘေဘီအေးက ပညာသင်ရာ မရှက်ရာ ခေါင်းစဉ်ဖြင့် ဟောပြောကြသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ ဗိုလ်တထောင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအတွက် စာအုပ်၊စာစောင် ၃၅၇အုပ်ကို ရန်ကုန်တိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနလက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ထံသို့ ကျောင်းအုပ်ဆရာမကြီး ဒေါက်တာဒေါ်မိုးသူက ပေးအပ်လှူဒါန်းသည်။**(ယာပုံ)** **(မြို့နယ် ပြန်/ဆက်)**

မြန်မာ့အလင်း ပင်လယ်ကွေ့ဒေသ မော်တော်ကားလုပ်ငန်းဆိုင်ရာ သတင်းပဒေသာ ၂၄-၈-၂၀၀၈

ကွန်ပျူတာအသုံးပြု ကားရပ်နားစခန်း ဘာရိန်း၌ ပြုလုပ်မည်

မနားမား ဩဂုတ် ၂၄

ဘာရိန်းနိုင်ငံအနေဖြင့် ကားရပ်နားစခန်းများတွင် ဖြစ်ပွားလေ့ရှိသည့် ပြဿနာများကို ဖြေရှင်းနိုင်ရန်အတွက် အဆင့်မြင့် ကွန်ပျူတာနည်းပညာများကို အသုံးပြုမည့် ကားရပ်နားစခန်းကို အများပြည်သူ ကားရပ်နားစခန်းများတွင် တပ်ဆင်အသုံးပြုရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ ကွန်ပျူတာသုံး ယာဉ်ရပ်နားစခန်းဖြစ်သည့် အမေရိကန် ဖလော်ရီဒါပြည်နယ်ရှိ ယာဉ်ရပ်နားစခန်းမှ အမ်အေဂျီရိုဘော့စနစ် နည်းပညာများကို အသုံးပြုနိုင်ရန် ဆွေးနွေးညှိနှိုင်းလျက်ရှိသည်။

ဘီအမ်ဒဗလျူကားများ ရောင်းအားမြင့်တက်လာ

မနားမား ဩဂုတ် ၂၄

အရှေ့အလယ်ပိုင်းဒေသ ဘီအမ်ဒဗလျူကား ထုတ်လုပ်ရေးကုမ္ပဏီ၏ မော်တော်ကား ရောင်းချနိုင်မှုမှာ ယခုနှစ်ပထမခြောက်လအတွင်း ယမန်နှစ် အလားတူကာလကထက် ၂၁ရာခိုင်နှုန်း မြင့်တက်လာခဲ့သည်။ အရှေ့အလယ်ပိုင်းဒေသရှိ အာဘူဒါဘီ၊ ဆော်ဒီအာရေဗျနှင့် ကူဝိတ်တို့မှာ ဘီအမ်ဒဗလျူ ကားရောင်းချမှု အကောင်းဆုံးဒေသများ ဖြစ်သည်။

ဆူဇူကီးကားဈေးကွက် တိုးချဲ့ရန်စီစဉ်

တိုကျို ဩဂုတ် ၂၄

ဂျပန်နိုင်ငံ ဆူဇူကီးမော်တော်ကား (ယာပုံ) ကော်ပိုရေးရှင်း(အက်စ်အမ်စီ)က ယူအေအီးနိုင်ငံ ဒူဘိုင်းမြို့တွင် ၄င်း၏ ဒုတိယမြောက် နှစ်ပတ်လည် အစည်းအဝေးကို ကျင်းပခဲ့သည်။ ယင်းအစည်းအဝေးတွင် အရှေ့အလယ်ပိုင်း ကားဈေးကွက်ကို တိုးချဲ့ရန်အတွက် လာမည့်ဈေးကွက်တွင် တီထွင်ဆန်းသစ်မှုများဖြင့် စတင်မည့် အစီအစဉ်များကို အရှေ့အလယ်ပိုင်း ဒေသမှ ဆူဇူကီးကုမ္ပဏီကိုယ်စားပြု ကိုယ်စားလှယ်များက ဆွေးနွေးခဲ့ကြသည်။

အလတ်စားယာဉ်ထုတ်လုပ်မှု ယူအေအီး၌မြင့်တက်

ဒူဘိုင်း ဩဂုတ် ၂၄

အာရပ်စော်ဘွားများပြည်ထောင်စု (ယူအေအီး)တွင် အားကစားလုပ်ငန်းသုံး ယာဉ်အလတ်စား ထုတ်လုပ်မှုဈေးကွက်သည် နှစ်စဉ် ၂၇ရာခိုင်နှုန်းတိုးတက်လာကြောင်း ယူအေအီးထိပ်တန်းအရာရှိတစ်ဦးက ပြောကြားသည်။

ဆွီဒင်ကားကုမ္ပဏီ အရှေ့အလယ်ပိုင်းတွင် ရင်းနှီးမြှုပ်နှံရန်စီစဉ်နေ

စတော့ဟုမ်း ဩဂုတ် ၂၄

ထိပ်တန်းကားထုတ်လုပ်ရေး ကုမ္ပဏီဖြစ်သည့် ကိုးနစ်ဆက်ဂ်ကုမ္ပဏီသည် ဆွီဒင်ရှိ ၄င်း၏ပင်မအဆင့်မြင့်ကားထုတ်လုပ်ရေး ကုမ္ပဏီ၏ ထုတ်လုပ်ရေးပမာဏကို တိုးချဲ့ရာတွင် အထောက်အကူဖြစ်စေရန် အရှေ့အလယ်ပိုင်းဒေသ၌ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုပြုလုပ်ရန် ဈေးကွက်အဖြစ် ပစ်မှတ်ထားလျက်ရှိသည်။

ဒူဘိုင်းအငှားယာဉ်လုပ်ငန်း ဖုန်းခေါ် စီးနင်းသူ နေ့စဉ် ၈၀၀၀ကျော်ရှိ

အာဗူဒါဘီ ဩဂုတ် ၂၄

ခရီးသည်များအနေဖြင့် မိမိသွားလိုသည့် နေရာဒေသများသို့ သွားရောက်ရန် အငှားယာဉ်များအား တယ်လီဖုန်းဖြင့် ခေါ်ဆိုပါက ၁၅မိနစ်အတွင်း အရောက်လာသည့် ဒူဘိုင်းအငှားယာဉ် လုပ်ငန်းအနေဖြင့် ဇူလိုင်လအတွင်း ခရီးသည် ၂၅၇၃၂၉ဦးအား ဝန်ဆောင်မှုပေးနိုင်ခဲ့ကြောင်း၊ ဒူဘိုင်းအငှားယာဉ် လုပ်ငန်းသို့ နေ့စဉ် တယ်လီဖုန်းဖြင့် အငှားယာဉ်မှာယူစီးနင်းသူ ၈၅၇၇ဦးရှိကြောင်း၊ ဒူဘိုင်းအငှားယာဉ်လုပ်ငန်းအနေဖြင့် အငှားယာဉ် ၂၁၁၅စီးဖြင့် ခရီးသည်များအား ၂၄နာရီ ဝန်ဆောင်မှု ပေးလျက်ရှိသည်။

ကိုးကား-အင်တာနက်၊ ဆင်ဟွာ

ဘဝအမောပြေ

သားသမီး လိုချင်လွန်းလို့....

သားသမီး လိုချင်သော ဇနီးမောင်နှံသည် ဆရာဝန်တစ်ဦးထံ ရောက်ရှိလာပြီး ကုသမှုခံယူလေသည်။

ဒေါက်တာ ။ ။ ဘာမှမပူနဲ့… ကျွန်တော် စမ်းသပ်ကြည့်ပေးမယ်။

ဇနီးမောင်နှံ ။ ။ ဟုတ်ကဲ့ ဒေါက်တာ။

ထို့နောက် ဆရာဝန်က စမ်းသပ်ပြီး လိုအပ်သော ဆေးကို နှစ်ဦးစလုံးအား ထိုးပေးလေသည်။

ဒေါက်တာ ။ ။ ကဲ…စိတ်ချ။ ခင်ဗျားတို့ သားသမီးရသွားမှာပါ။

ဇနီးမောင်နှံ ။ ။ ကျေးဇူးတင်လိုက်တာ ဒေါက်တာရယ်။

နှစ်အတန်ကြာသော် ဇနီးမောင်နှံ ဆရာဝန်ထံ ပြန်ရောက်လာရာ…။

ဒေါက်တာ ။ ။ ကဲ…သားသမီးတွေ ရလာပြီလား။

ဇနီးမောင်နှံ ။ ။ တစ်ကြိမ်မွေးတိုင်း သုံးမြွှာပူးနဲ့ သုံးကြိမ်မွေးလိုက်တာ ကလေးကိုးယောက်တောင် ဖြစ်နေလို့ တားပေးပါဦး။

ဒေါက်တာ ။ ။ **“ဟောဗျာ”**

အဏ္ဏဝါသိပ္ပံ

အာတိတ်ဒေသမှ ရေခဲပြင်ကြီးကွဲထွက်

အာတိတ်ဒေသ အစိတ်အပိုင်းတစ်ခုဖြစ်သော ဂရင်းလန်မြောက်ပိုင်းတွင် ဩဂုတ်၂၃ရက်က ရေခဲလွှာကြီးတစ်ခု အက်ကွဲပြတ်ထွက်ခဲ့ကြောင်း ဗြိတိသျှ သုတေသနပညာရှင်များက ပြောကြားသည်။ (အပေါ်ပုံ)

၁၁စတုရန်းမိုင်ခန့်ရှိ

ထိုသို့ ရေခဲလွှာကြီး ပြတ်ထွက်လာမှုမှာ ကမ္ဘာ့ရာသီဥတု ပူနွေးလာမှုကြောင့်ဖြစ်ကြောင်း၊ အဆိုပါပြတ်ထွက်ခဲ့သော ရေခဲပြင်ကြီး အရွယ်အစားမှာ ၁၁စတုရန်းမိုင်ခန့်ရှိကြောင်း သိရသည်။ ၄င်းရေခဲပြင်ကြီးမှာ ရေမျက်နှာပြင်တွင် တစ်နှစ်ခန့် မျောနေမည် ဖြစ်သည်။

အရည်ပျော်မှု

ထို့အပြင် ကမ္ဘာ့ရာသီဥတု ပူနွေးလာမှုကြောင့် ဂရင်းလန်တောင်ပိုင်းရှိ ရေခဲပြင်ကြီးများ အရည်ပျော်မှု ပိုမိုဖြစ်ပေါ်လာမည် ဖြစ်ကြောင်း၊ ထိုသို့ ရေခဲပြင်ကြီးများ အရည်ပျော်မှု ပိုမိုလျင်မြန်သဖြင့် အာတိတ်ဒေသတွင် ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာဖွယ်ရှိကြောင်း အမေရိကန်သုတေသနပညာရှင်များက ပြောကြားသည်။

အက်ကွဲ

ထိုသို့ ဂရင်းလန်ဒေသတွင် ရေခဲပြင်ကြီး အက်ကွဲပြတ်ထွက်မှုကို ဂြိုဟ်တုမှ ပေးပို့သော ဓာတ်ပုံများတွင် ဖော်ပြလျက်ရှိကြောင်း သိရသည်။ (အင်တာနက်)

သူတို့အတွေးနှင့်အမြင်

To choose time is to save time.

အချိန်ကို ရွေးချယ်အသုံးပြုခြင်းသည် အချိန်ကို စုဆောင်းချွေတာခြင်းတစ်မျိုး ပင်ဖြစ်သည်။

ဖရန့်စစ်ဘေကွန်

(အင်္ဂလိပ်လူမျိုးအတွေးအခေါ်ပညာရှင် ၊ စာရေးဆရာနှင့်နိုင်ငံရေးသမား)

Experience is the mother of knowledge.

အတွေ့အကြုံသည် ဗဟုသုတ၏ မိခင်သဖွယ် ဖြစ်သည်။

ဆာဗန်တီးစ်

(စပိန်လူမျိုးစာရေးဆရာ)

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

နိုင်ငံတကာ မှုခင်း

ကံကြမ္မာ နိုပ်စက်မှုကြောင့် ကိုယ်စိတ်နှလုံး ပျက်ကြေပြုန်းခဲ့ရသော....

ဘွိုင်ဆီမြို့သည် အမေရိကန်နိုင်ငံ အိုင်ဒါဟိုပြည်နယ် အနောက်တောင်ပိုင်းတွင် တည်ရှိသော ပြည်နယ်မြို့တော်ဖြစ်သည်။ လူဦးရေသုံးသိန်းခွဲကျော်နေထိုင်ပြီး စည်ကားလှသော မြို့တစ်မြို့ ဖြစ်သည်။ ယင်းမြို့သည် ရာဇဝတ်မှု ထူပြောခြင်းမရှိသော်လည်း ရံဖန်ရံခါ ဖြစ်ပွားလေ့ရှိသည့် မြို့ဖြစ်သည်။

အပေးအယူမျှခဲ့

ဘွိုင်ဆီမြို့တွင် လွန်ခဲ့သော ၁၉၈၇ခုနှစ်က အသက်၂၇နှစ်အရွယ်ရှိ စတီဗင်ဂရိုနီဆိုသူ အမျိုးသားနှင့် အသက် ၁၈နှစ်ရှိ ဘရင်ဒါအမည်ရှိ အမျိုးသမီးတို့ မေတ္တာမျှကာ လက်ထပ်ခဲ့ကြသည်။ အသက်အရွယ် ကွာဟမှုရှိသော်လည်း သူတို့နှစ်ဦးသည် တစ်ဦးအပေါ်တစ်ဦး သစ္စာရှိကာ ချစ်ခင်ကြင်နာစွာဖြင့် အပေးအယူမျှခဲ့ကြသည်။

နေထိုင်ခဲ့ကြ

စတီဗင်ဂရိုနီနှင့် ဘရင်ဒါဂရိုနီတို့ဇနီးမောင်နှံသည် လေးနှစ်တာကာလမျှလွတ်လပ်စွာ နေထိုင်ခဲ့ကြသည်။ ၁၉၉၁ခုနှစ်တွင် သားသမီးယူခဲ့ကြပြီး ၁၉၉၂ခုနှစ်တွင် သားအကြီး ဆလာဒီဂရိုနီ၊ ၁၉၉၆ခုနှစ်တွင် သားအလတ် ဒိုင်လန်ဂရိုနီ **(အပေါ်ယာဝဲပုံ)**နှင့် ၁၉၉၇ခုနှစ်တွင် သမီးအငယ်ဆုံး ရှာစတာဂရိုနီ **(အပေါ်ယာစွန်ပုံ)**တို့ကို အသီးသီးမွေးဖွားခဲ့ကြသည်။

သက်ဆင်းခဲ့ကြရ

စတီဗင်ဂရိုနီနှင့် ဘရင်ဒါဂရိုနီတို့သည် အိမ်ထောင်သက် ၁၈နှစ်ပြည့်သည့် ၂၀၀၅ခုနှစ်ဦးပိုင်းအထိ အိမ်ထောင်ရေးပြဿနာ လုံးဝမပေါ်ပေါက်ခဲ့ပေ။ ၂၀၀၅ခုနှစ် မတ်လတွင်မူ ဇနီးသည် ဘရင်ဒါ၏ ရည်းစားဟောင်း မာ့ခ်မက်ကင်ဇီတို့ ရိုးရိုးသားသား ဆုံတွေ့ခဲ့ကြမှုကို စတီဗင်အနေဖြင့် သံသယဝင်ခဲ့မှုကြောင့် စတီဗင်နှင့်ဘရင်ဒါတို့ ဇနီးမောင်နှံမှာ သံသယန္တွံအတွင်းသို့ သက်ဆင်းခဲ့ကြရသည်။ ထို့ကြောင့်ပင် ထိုကိစ္စနှင့် ပတ်သက်ပြီး အိမ်ထောင်သက်တစ်လျှောက်လုံး အေးချမ်းသင့်မြတ်စွာ ပေါင်းသင်းလာခဲ့သော ဇနီးမောင်နှံနှစ်ဦးမှာ ကတောက်ကဆဖြစ်ကာ သီးခြားစီခွဲခွာ နေထိုင်ခဲ့ကြသည်အထိ သံသယက သူတို့၏ သံယောဇဉ်ကို ဖြတ်တောက်ခဲ့ချေပြီ။

နောင်တရမိ

စတီဗင်နှင့်ဘရင်ဒါတို့မိသားစု နေထိုင်သောအိမ်မှာ ဘွိုင်ဆီမြို့၏ ကိုအာဒီအလီနီ အရပ်တွင်တည်ရှိသည်။ စတီဗင်က ဇနီးသည်ဘရင်ဒါအပေါ် သံသယဝင် သဝန်တိုကာ အချစ်ကြီး အမျက်ကြီးဖြစ်ခဲ့သကဲ့သို့ ခင်ပွန်းသည် စတီဗင်အပေါ်သစ္စာရှိစွာ နေထိုင်ပေါင်းသင်းလာခဲ့ရာ ဘရင်ဒါသည် သူမအပေါ် အထင်အမြင်လွဲမှားခဲ့သော ခင်ပွန်းသည် စတီဗင်အား စိတ်အနာကြီး နာခဲ့မိပြန်သည်။ ထိုမှ အမှိုက်ကစ ပြာသာဒ်မီးလောင်ဖြစ်ကာ အပျက်အပျက်နှင့် နှာခေါင်းသွေးထွက်ခဲ့ကြတော့သည်။ စတီဗင်သည် ဇနီးသည် ဘရင်ဒါနှင့် သားသမီးများအားထားကာ အိမ်ပေါ်မှ ဆင်းခဲ့လေသည်။ သူ၏နှလုံးသားတွင် ရည်းစားလူလု အူနုကျွဲခတ်ဖြစ်ပြီး သွေးပူပူဖြင့်ဆုံးဖြတ်ကာ အိမ်ပေါ်မှဆင်းခဲ့သည့် သူ့လုပ်ရပ်မှာ မှားယွင်းကြောင်း သွေးအေးသွားချိန်တွင် ခေါင်းအေးအေးထား စဉ်းစားမိသောအခါမှ သဘောပေါက်သိမြင်ကာ နောင်တရမိသည်။ သို့သော်လည်း စတီဗင်အနေဖြင့် သူ၏ဆုံးဖြတ်ချက်ကို ချက်ချင်းပြင်ကာ အိမ်ပေါ်သို့ ပြန်တက်ရန်လည်း မာနကခံနေသဖြင့် နှစ်လခန့်နေပြီးမှ အိမ်သို့ပြန်ရန် ဆုံးဖြတ်ခဲ့လေသည်။

စတီဗင်သည် နှစ်လခန့်မိသားစုနှင့် ခွဲခွာနေထိုင်ချိန်မှာပင် သူ၏မိသားစုအတွင်းသို့ မထင်မှတ်သော ကံကြမ္မာဆိုးရဟတ်က အထပ်ထပ် လည်ပတ်မွှေနှောက်သွားခဲ့မှုကို ရင်နင့်ကြေကွဲဖွယ်ရာ ကြုံတွေ့ခဲ့ရချေလေပြီ။

စတီဗင်သည် သူ၏အိမ်မှ ဆင်းသွားသည့် နှစ်လကျော်ကာလဖြစ်သည့် ၂၀၀၅ခုနှစ် မေလ ညမိုးချုပ်စအချိန်တွင် စတီဗင်၏ မိသားစုနေထိုင်ရာအိမ်သို့ လက်နက်ကိုင်လူဆိုးတစ်ဦး ဝင်ရောက်ကာ ၄င်း၏ဇနီးသည် ဘရင်ဒါဂရိုနီ၊ အသက် ၁၃နှစ်ရှိ သားအကြီး ဆလာဒီဂရိုနီနှင့် ဘရင်ဒါ၏ ရည်းစားဟောင်း မာ့ခ်မက်ကင်ဇီတို့အား သေလုမြောပါး ရိုက်နှက်ထားခဲ့ပြီး အသက် ကိုးနှစ်ရှိ သားအလတ် ဒိုင်လန်ဂရိုနီနှင့် အသက်ရှစ်နှစ်ရှိ အငယ်ဆုံးသမီး ရှာစတာဂရိုနီတို့ကို ပြန်ပေးဆွဲသွားခဲ့သည်။

လက်ရဖမ်းဆီးနိုင်ခဲ့

အခင်းဖြစ်ပွားပြီး နှစ်လကျော်အကြာ ၂၀၀၅ခုနှစ် ဇူလိုင်၂ရက်တွင် ပြန်ပေးဆွဲခံရသော အသက်ရှစ်နှစ်ရှိ ရှာစတာဂရိုနီနှင့် အသက် ၄၅နှစ်ရှိ ဂျိုးဆက်အက်ဒ်ဝါ့ဒ်ဒွန်ကန်ဆိုသူတို့ကို စတီဗင်တို့ မိသားစုနေထိုင်ရာ ကိုအာဒီအလီနီအရပ်ရှိ စားသောက်ဆိုင်တစ်ဆိုင်တွင် တွေ့ရှိရကြောင်း မျက်မြင်သက်သေတစ်ဦး၏ သတင်းပေးချက်အရ ရဲအဖွဲ့က လက်ရဖမ်းဆီးနိုင်ခဲ့သည်။ ထို့ကြောင့် ဒွန်ကန်အား ပြန်ပေးဆွဲမှုဖြင့် တရားစွဲဆိုခဲ့သည်။ တရားရုံးတွင် အမှုရင်ဆိုင်စဉ် အသက်ရှစ်နှစ်အရွယ်ရှိ ရှာစတာဂရိုနီက ဖြစ်ကြောင်းကုန်စင်ကို အရွယ်နှင့်မလိုက်အောင်ပင် ချက်ချက်ချာချာ ထွက်ဆိုခဲ့သည်။

ရှိစတာဂရိုနီ၏ ထွက်ဆိုချက်အရ ဖြစ်ရပ်အမှန်ကို သိခဲ့ကြရတော့သည်။ ဒွန်ကန်သည် ဒိုင်လန်နှင့်ရှာစတာတို့အား အမေရိကန် အနောက်မြောက်ပိုင်းရှိ တောတောင်များထူထပ်သည့် ပြည်နယ်ဖြစ်သော မွန်တားနားပြည်နယ်အနောက်ပိုင်း လိုလိုသစ်တောကြီးအတွင်းသို့ ခေါ်ဆောင်သွားခဲ့ပြီး တောင်ပေါ်ခရီးသွားများစတည်းချရာ ယာယီစခန်းတွင် လူမမယ် ကလေးနှစ်ဦးအား ကလေးသူငယ်အလွဲသုံးမှုများကို အကြိမ်ကြိမ်ပြုလုပ်ခဲ့သည်။ ထို့နောက် ဒိုင်လန်၏ ဝမ်းဗိုက်ကို သေနတ်ဖြင့်ပစ်ပြီး ဦးခေါင်းကိုလည်း သေနတ်ဖြင့် ပစ်ကာ ခန္ဓာကိုယ်အား မီးရှို့သည့်ရက်စက်မှုများကို ဒိုင်လန်၏ ညီမဖြစ်သူ ရှိစတာဂရိုနီ၏ ရှေ့တွင်ပင် ပြုလုပ်ခဲ့သည်။

လိမ္မာပါးနပ်စွာ

ရှိစတာဂရိုနီသည် အရွယ်နှင့်မမျှအောင်ပင် လိမ္မာပါးနပ်စွာဖြင့် ဒွန်ကန်၏ ရက်စက်ကြမ်းတမ်းမှုများကို ပြောင်းလဲအောင်စည်းရုံးသိမ်းသွင်းနိုင်ခဲ့ သည်။ သူမသည် ဒွန်ကန်အား သိမ်မွေ့စွာ ချစ်တတ်၊ ပေါင်းသင်းဆက်ဆံတတ်စေရန် သင်ကြားပေးခဲ့သည်ဟု ဆိုသည်။ ထို့ကြောင့် ရှိစတာဂရိုနီက ဂျက်ဟုခေါ်သော ဂျိုးဆက်အက်ဒ်ဝါ့ဒ်ဒွန်ကန်အား စိတ်ဓာတ်နူးညံ့ပျော့ပျောင်းပြီး သူမအား အိမ်ပြန်ပို့ပေးရန် စည်းရုံးနိုင်ခဲ့သည်။ ဒွန်ကန်ဆီမှ ကတိရသည်နှင့် သူမ၏ဖခင် စတီဗင်ဂရိုနီဆီသို့ မကြာမီ သူမတို့ပြန်လာမည်ဖြစ်ကြောင်း၊ တစ်ပတ် နှစ်ပတ်အတွင်း ပြန်လာနိုင်မည်ဟုထင်ကြောင်း စာရေးသားပြီး လက်မှတ်မထိုးဘဲ အကြောင်းကြားခဲ့သည်။ ဒွန်ကန်သည် အမြင်မှန်ရကာ ရှိစတာအား အိမ်ပြန်ပို့ရာမှ အဖမ်းခံခဲ့ရခြင်း ဖြစ်သည်။

သံသယရှိနေ

၂၀၀၇ခုနှစ် ဒီဇင်ဘာ ၁၀ရက်တွင် ဒွန်ကန်အား အပြစ်ရှိသည်ဟု စီရင်ချက်ချပြီး တစ်သက်တစ်ကျွန်းဒဏ် သို့မဟုတ် သေဒဏ်ထိုက်သင့်သော ပြစ်ဒဏ်တစ်မျိုးမျိုးချမှတ်ရန် စဉ်းစားလျက်ရှိသည်။ ၄င်းအား ဒိုင်လန်နှင့် ရှာစတာတို့အား ပြန်ပေးဆွဲမှု အပါအဝင် စွဲချက် ၁၀ခု စွဲဆိုထားသည်။ ဒွန်ကန်သည် ဝါရှင်တန်ပြည်နယ် အနောက်ပိုင်း တာကိုမာပင်လယ်ဆိပ်ကမ်းမြို့မှဖြစ်ပြီး ၁၉၉၆ခုနှစ်က ဝါရှင်တန်ပြည်နယ် အနောက်ပိုင်း ပင်လယ်ကမ်းရိုးတန်းရှိ ဆီတဲလ်မြို့မှ အဖေတူအမေကွဲ ညီအစ်မအားသတ်မှုနှင့် ၁၉၉၇ခုနှစ်က ရေးဗားဆိုက်စီရင်စုမြို့မှ ယောကျ်ားကလေးတစ်ဦး အသတ်ခံရမှုတို့တွင် ၄င်းအား သံသယရှိနေကြသည်။ ပြစ်မှုကျူးလွန်ကာ ထိုက်သင့်သော ပြစ်ဒဏ် ကျခံရပေဦးမည်။

ယခုဖြစ်ရပ်တွင် စတီဗင်ဂရိုနီနှင့် ဘရင်ဒါဂရိုနီတို့ စိတ်ဝမ်းကွဲနေချိန် လပိုင်းကလေးမှာပင် ကံကြမ္မာနှိပ်စက်မှုကြောင့် ကိုယ်စိတ်နှလုံး ပျက်ကြေပြုန်းခဲ့ရသော ရင်နင့်ကြေကွဲဖွယ်ရာအဖြစ်အပျက်ကို ရေးသားဖော်ပြ လိုက်ရပါကြောင်း။ ။

ကိုးကား-အင်တာနက်

ချစ်စိုးနိုင် ကိုးကားရေးဖွဲ့သည်

ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် ဝန်ကြီး ဗိုလ်ချုပ်စောလွင်အား လာရောက်တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၂၄

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စောလွင်အား ရန်ကုန်မြို့ရှိ ကုလသမဂ္ဂ လူဦးရေ ရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် Mr. Daniel B. Baker သည် ဩဂုတ် ၂၂ရက် မွန်းလွဲ၂နာရီက နေပြည်တော်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး၏ညှော်ခန်းမသို့ လာရောက်တွေ့ဆုံသည်။ **(အပေါ်ပုံ)**

တက်ရောက်

ထိုသို့ တွေ့ဆုံရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းစိန်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

လေဘေးသင့် လယ်သမားများအတွက် ဇီဝမြေသြဇာလှူဒါန်း

ရန်ကုန် ဩဂုတ် ၂၄

ဆန်စပါးစိုက်ပျိုးသည့် ရန်ကုန်တိုင်းအတွင်းရှိ လေဘေးသင့် လယ်သမားများအတွက် ဇီဝသဘာဝမြေသြဇာ လှူဒါန်းပွဲကို ယမန်နေ့နံနက် ၁၀နာရီခွဲက ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး တော်ဝင်စန္ဒာကူးခန်းမ၌ ကျင်းပရာ တွံတေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်စံသာက အမှာစကားပြောကြားပြီး သဇင်နိုင်ရောင်းဝယ်ရေးကုမ္ပဏီမှ ဦးအောင်ကြည်က ဇီဝသဘာဝမြေသြဇာ၏ စွမ်းဆောင်ရည်နှင့် လယ်ယာမြေများ၌ သီးနှံများ အောင်မြင်ဖြစ်ထွန်းမှုတို့ကို ရှင်းလင်း ပြောကြားသည်။

ထို့နောက် သဇင်နိုင် ရောင်းဝယ်ရေးကုမ္ပဏီဥက္ကဋ္ဌ ဦးသန့်ဇင်နှင့် မန်နေဂျင်းဒါရိုက်တာ ဒေါ်မို့မို့ဝင်းတို့က ငွေကျပ်၁၁သိန်းတန်ဖိုးရှိ ထိုင်းနိုင်ငံ Petchnumfah Co.,Ltd. မှထုတ်လုပ်သည့် Super JK A4, Petchkue, Crownနှင့်စိန်နှစ်ပွင့် အမှတ်တံဆိပ်ပါ ဇီဝသဘာဝမြေသြဇာ အိတ်၅၀တို့ကို လယ်သမားများသို့ ပေးအပ်လှူဒါန်းကြသည်။ ဇီဝသဘာဝမြေသြဇာကို သဇင်နိုင် ရောင်းဝယ်ရေးကုမ္ပဏီ အခန်းအမှတ်၁၃-၀၁ အိုလံပစ်တာဝါ ဗိုလ်အောင်ကျော်လမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၉၂၅၃၄၊ ၂၅၆၆၁၉တို့သို့ တင်သွင်းဖြန့်ဖြူး ရောင်းချလျက်ရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း လိုတိုရှင်း သတင်းများ

ဘုန်းတော်ကြီးကျောင်းများ စုပေါင်းသန့်ရှင်း

ရခိုင်ပြည်နယ် စစ်တွေမြို့ မင်းဂံရပ်ကွက် အာကျိတ်တော်ကုန်းရှိ ဘုန်းတော်ကြီးကျောင်း ၃၂ကျောင်းတို့ကို Golden Taunggyi BIO = Product Group မှ ထုတ်လုပ်သော ဇီဝသဘာဝအနံ့ဆိုးပျောက် ပိုးမွှားကင်းစင်ဆေးဖျန်းခြင်းနှင့် သန့်ရှင်းရေးဆောင်ရွက်ပွဲ အခမ်းအနားကို ဩဂုတ်၁၄ရက် နံနက် ၈နာရီက အာကျိတ်တော်ကုန်း၌ ကျင်းပခဲ့သည်။ (ပြည်နယ် ပြန်/ဆက်)

မြို့နယ်ဥက္ကဋ္ဌဖလား ရပ်ကွက်ပေါင်းစုံဘောလုံးပြိုင်ပွဲဖွင့်

မြင်းခြံခရိုင် ကျောက်ပန်းတောင်းမြို့နယ် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ၂၀၀၈ခုနှစ် မိုးရာသီရပ်ကွက်ပေါင်းစုံ ဘောလုံးပြိုင်ပွဲ ကွင်းဖွင့်ပွဲအခမ်းအနားကို ဩဂုတ်၉ရက် ညနေ ၃နာရီက မြို့နယ်အားကစားကွင်းတွင် ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်မျိုးလွင်က ကွင်းဖွင့်အမှာစကား ပြောကြားကာ ဘောလုံးကို ကွင်းအတွင်း ကန်သွင်း၍ ဖွင့်လှစ်ပေးသည်။ ဖွင့်ပွဲ ပွဲစဉ်အဖြစ် စံပြရပ်ကွက်အသင်းနှင့် မြို့မတောင်ရပ်ကွက်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မြို့မတောင်ရပ်ကွက်အသင်းက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

(မြို့နယ် ပြန်/ဆက်)

မူကြိုရင်သွေးငယ်များ ဟိုပင်၌ ကျန်းမာရေးစစ်ဆေး

ကချင်ပြည်နယ် ဟိုပင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးဖွင့်လှစ်ထားသည့် နေ့ကလေးထိန်း မူကြိုရင်သွေးငယ်များအား ကျန်းမာရေးစစ်ဆေးခြင်းနှင့် အာဟာရကျွေးမွေးခြင်းကို ဩဂုတ်၁ရက် နံနက်က အဆိုပါကျောင်းခန်းမ၌ ကျင်းပရာ ရင်သွေးငယ်များအား ပေါင်ချိန်ခြင်း၊ အရပ်တိုင်းခြင်း၊ သွေးစစ်ဆေးခြင်း၊ သွားစစ် ဆေးခြင်းနှင့် ကျန်းမာရေးစစ်ဆေးခြင်းတို့ကို ဟိုပင်မြို့ပြည်သူ့ဆေးရုံမှ ဒေါက်တာ မျိုးမျိုးဝင်းနှင့် ကျန်းမာရေးဝန်ထမ်းများက ရင်သွေးငယ်တစ်ဦးချင်းအား စစ်ဆေးပေး ကြသည်။ (မြို့နယ် ပြန်/ဆက်)

နောင်တရားမြို့ အုပ်ချုပ်ရေးမှူးဖလားဘောလုံးပြိုင်ပွဲဆုချီးမြှင့်

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် နောင်တရားမြို့နယ် အုပ်ချုပ်ရေးမှူးဖလား ဘောလုံးပြိုင်ပွဲ ကွင်းဖွင့်ပွဲ အခမ်းအနားကို ဩဂုတ်၉ရက် မွန်းလွဲ ၁နာရီက မြို့နယ်အားကစားကွင်း၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူးက ကွင်းဖွင့်အမှာစကား ပြောကြားပြီး ကွင်းဖွင့်ပွဲအဖြစ် တီကျစ်(က)အသင်းနှင့် နောင်တရား(ခ) အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ နောင်တရား(ခ)အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။ *(၀၂၂)*

သီပေါမြို့နယ်၌ ဆင်းရွှေလီအထွက်တိုး မိုးစပါးစိုက်ပျိုး

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ဆင်းရွှေလီအထူးအထွက်တိုး မိုးစပါးစိုက်ပျိုးပွဲကို ဩဂုတ် ၈ရက် နံနက်က မန်ဟဲကျေးရွာ လယ်သမားကြီး လုံးဆန်စိုင်း၏ လယ်မြေ၌ ကျင်းပရာ ကောက်စိုက်လုံမေများက ဆင်းရွှေလီအထူးအထွက်တိုး စပါးများ စိုက်ပျိုးပေးကြပြီး မန်ဟဲ၊ နားခဲ၊ တွန်တီးကျေးရွာများမှ ကောက်စိုက်လုံမေများအား မြို့နယ်ဥက္ကဋ္ဌ ဦးခင်ကြည်နှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးကြသည်။ (၀၂၀)

တာချီလိတ် ခရိုင် ပြန်/ဆက်ဦးစီး ဟောပြောပွဲကျင်းပ

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကျောင်းသားလူငယ်များ အသိအမြင်ဗဟုသုတ ရရှိစေရေးအတွက် ဟောပြောပွဲ၊ နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲကို ဩဂုတ် ၁၄ရက် မွန်းလွဲ ၂နာရီက ဆန်ဆိုင်း အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးအတူးက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ဦးစီးအရာရှိ ဦးမောင်ကြည်က ရည်မှန်းချက်ရှိရမယ် ခေါင်းစဉ်ဖြင့် ဟောပြောသည်။ ထို့နောက် ကျောင်းသားကျောင်းသူများက ခင်းကျင်းပြသထားသော နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြဘုတ်များကို စိတ်ဝင်တစား ကြည့်ရှုကြသည်။

(ခရိုင် ပြန်/ဆက်)

ရမည်းသင်းတွင် ကုန်စည်ပြပွဲနှင့် ဈေးရောင်းပွဲတော်ဖွင့်

ရမည်းသင်းမြို့တွင် အဆင့်မြင့်ကုန်စည်ပြပွဲနှင့် အထူးဈေးရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၁ရက်က ရမည်းသင်းမြို့ သီလဝခန်းမ မုခ်ဦးရှေ့တွင် ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဦးခိုင်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်မင်းနှင့် အဆင့်မြင့် ကုန်စည်ပြပွဲနှင့် အထူးဈေးရောင်းပွဲတော် မန်နေဂျင်းဒါရိုက်တာ ဦးဝင်းလွင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(၁၆၉)**

တီဘီရောဂါတိုက်ဖျက်ရေး အရာတော်၌အသိပေးရှင်းလင်း

အရာတော်မြို့နယ် ကျန်းမာရေး ဦးစီးဌာနက ကြီးမှူး၍ မြို့နယ်အဆင့် တီဘီရောဂါတိုက်ဖျက်ရေးလုပ်ငန်း အသိပေးရှင်းလင်းပွဲကို ဩဂုတ် ၇ရက် နံနက် ၁၀နာရီက မြို့နယ် ပြည်သူ့ဆေးရုံ ဆာဆာကာဝါခန်းမ၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းဝင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသောင်းဝင်းက တီဘီရောဂါတိုက်ဖျက်ရေး လုပ်ငန်းအဆင့်ဆင့်တို့အား အသိပေးရှင်းလင်း၍ တက်ရောက်လာကြသူများက သိလိုသော အချက်အလက်များကို မေးမြန်းကြသည်။

(မြို့နယ် ပြန်/ဆက်)

သံဖြူဇရပ်မြို့နယ် စက်သစ်ရပ်ကွက် အမက ကျောင်းဆောင်သစ် ရေစက်ချ

ရန်ကုန် ဩဂုတ် ၂၄

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် စက်သစ်ရပ်ကွက်ရှိ အခြေခံပညာမူလတန်းကျောင်းဝင်း၌ ငွေကျပ် ၁၃၁၀၀၀၀၀ အကုန်အကျခံ တည်ဆောက်ပြီးစီးခဲ့သော အခြေခံပညာမူလတန်း ကျောင်းဆောင်သစ် ရေစက်ချမင်္ဂလာနှင့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ပွဲ အခမ်းအနားကို ဩဂုတ်၆ရက်က အဆိုပါကျောင်းဆောင်သစ်၌ကျင်းပရာ ရှေးဦးစွာ ပညာရေးဝန်ထမ်းများနှင့် အလှူရှင်တို့က ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ပေးအပ်

အဆိုပါ ကျောင်းဆောင်သစ် တည်ဆောက်ရာတွင် ငွေကျပ်၆၆၀၀၀၀၀ ပါဝင်လှူဒါန်းခဲ့သော အလှူရှင်ဦးကျော်လှ-ဒေါ်ဖြူနုဝါမိသားစု(ကျော်လှရွှေဆိုင်)**(အောက်ပုံ)** နှင့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများကို ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်ဖြိုးက ပေးအပ်သည်။

ယင်းကျောင်းဆောင်သစ်နှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို ကျောင်းဆောင်သစ် တည်ဆောက်ရေးကော်မတီက မြို့နယ်ပညာရေးမှူး ဒေါ်ရွှေမိထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကော့မှူးမြို့နယ်ရှိ ဘုန်းတော်ကြီးကျောင်းများနှင့် စာသင်ကျောင်းများ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ထောက်ပံ့ရေးပစ္စည်းလှူဒါန်း

ရန်ကုန် ဩဂုတ် ၂၄

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်(ရန်ကုန်တိုင်းတာဝန်ခံ) ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် တာဝန်ရှိသူများလိုက်ပါ၍ ဩဂုတ် ၂၂ရက် နံနက်ပိုင်းက ရန်ကုန်တောင်ပိုင်းခရိုင် ကော့မှူးမြို့နယ် တာလန်းသစ်ရပ်ကွက်ရှိ မြို့မနိမ္မိတာရုံ ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တနေမိန္ဒအား ဖူးမြော်ကြည်ညို၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များကို လျှောက်ထားကာ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းအတွက် စာသင်ခုံ၊ ကျောင်းသုံးဗလာစာအုပ်နှင့် သုံးထပ်ကျောင်းတော်ကြီး ဆောက်လုပ်ရန်အတွက် ဘိလပ်မြေအိတ် ၁၀၀တို့ကို လှူဒါန်းပြီး ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ပညာသင်ကြားနေမှုကို ကြည့်ရှုစစ်ဆေး အားပေးသည်။

ထောက်ပံ့ပေးအပ်

ထို့နောက် ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန်သည် ကော့မှူးမြို့နယ် မကျီးကန်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသော ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး ဘုန်းတော်ကြီးကျောင်းများအတွက် သွပ်အချပ် ၂၀၀နှင့် ကျေးရွာနေပြည်သူများအတွက် ဆန်အိတ် ၆၉အိတ်တို့ကို သက်ဆိုင်ရာ တာဝန်ရှိသူများထံ ထောက်ပံ့ပေးအပ် လှူဒါန်းသည်။ **(အပေါ်ပုံ)**

ကျေးဇူးတင်စကား

ယင်းနောက် မကျီးကန်ကျေးရွာ ရပ်မိရပ်ဖတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန်သည် ကော့မှူးမြို့နယ် ချောင်ကော် ခြံကျေးရွာ အခြေခံပညာမူလတန်းကျောင်းသို့ သွားရောက်ပြီး လေဘေးသင့်ပြိုလဲပျက်စီးသွားသော ကျောင်းဆောင် အခြေအနေကို ကြည့်ရှုစစ်ဆေးကာ ရပ်မိရပ်ဖများနှင့် တာဝန်ရှိသူများအား တွေ့ဆုံ၍ အလျားပေ၁၂၀နှင့် အကျယ် ပေ၃၀ရှိ တစ်ထပ် Steel Structure ကျောင်းဆောင်သစ် အမြန်ဆုံးပြန်လည် ဆောက်လုပ်ရန်အတွက် လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

ဥတုရာသီ တောကိုမှီ၏

အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနနှင့် အကျဉ်းဦးစီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် ဩဂုတ် ၂၄

ပြည်ထဲရေးဝန်ကြီးဌာန အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနနှင့် အကျဉ်းဦးစီးဌာနတို့၏ ၂၀၀၈ခုနှစ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့နံနက် ၉နာရီခွဲက ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် ဆရာစံလမ်းရှိ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးရုံး စုစည်းခန်းမ၌ ကျင်းပသည်။

တက်ရောက်

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး၊ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်စောဝင်း၊ အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဝင်း၊ အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာနနှင့် အကျဉ်းဦးစီးဌာနတို့မှ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် ပြည်နယ်နှင့်တိုင်းများမှ တာဝန်ခံများ တက်ရောက်ကြသည်။

ဆွေးနွေးမှာကြား

ရှေးဦးစွာ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး**(အပေါ်ပုံ)**က အဖွင့်အမှာစကား ပြောကြားရာတွင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များကို သိရှိလိုက်နာကာ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ကြရန် လိုအပ်ကြောင်းဖြင့် ဆွေးနွေးမှာကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်စောဝင်းနှင့် အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဝင်းတို့က လုပ်ငန်းဆိုင်ရာများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

(သတင်းစဉ်)

တက္ကသိုလ်များနှင့် အခြေခံပညာကျောင်းများ ဝန်ကြီး ဒေါက်တာချမ်းငြိမ်း စစ်ဆေး

နေပြည်တော် ဩဂုတ် ၂၄

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည် တာဝန်ရှိသူများလိုက်ပါလျက် ဩဂုတ် ၂၂ရက် နံနက်က မိတ္ထီလာစီးပွားရေးတက္ကသိုလ်၌ ပါမောက္ခဌာနမှူးများနှင့် တွေ့ဆုံ၍ သင်ကြားစီမံကိန်းရပ်များနှင့် သင်ထောက်ကူပစ္စည်းများဖြင့် သင်ကြားနေမှုများအပေါ် ဆွေးနွေးမှာကြားပြီး စာသင်ခန်းများသို့ ဝင်ရောက်ကြည့်ရှုစစ်ဆေးကာ ကျောင်းသားကျောင်းသူများအား အားပေးစကားပြောကြားသည်။

မှာကြား

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် မိတ္ထီလာမြို့ အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းများ၌ တက္ကသိုလ်ဝင်တန်းကျောင်းသားကျောင်းသူများ၏ သင်ကြားသင်ယူနေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ အောင်ချက်မြင့်မားရေး ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားကာ မိတ္ထီလာပညာရေးကောလိပ်၌ ကျောင်းအုပ်ကြီး၊ ဆရာ၊ ဆရာမများနှင့် လုပ်ငန်းခွင် အကြိုဆရာဖြစ်သင်တန်းအမှတ်စဉ် (၁၀/၀၆)မှ သင်တန်းသား သင်တန်းသူများအား တွေ့ဆုံပြီး မိတ္ထီလာတက္ကသိုလ်၌ သင်ကြားစီမံကိန်းရပ်များနှင့်စပ်လျဉ်း၍ ဝန်ကြီးက လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် ပျော်ဘွယ်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းနှင့် ရမည်းသင်းမြို့ အခြေခံပညာအထက်တန်းကျောင်းတို့သို့ ရောက်ရှိပြီး ကျောင်းသား ကျောင်းသူလေးများ၏ သင်ကြားသင်ယူနေမှုများကို ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆေးပဒ္ဒာန်းလှူဒါန်းပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၄

မွန်ပြည်နယ်မော်လမြိုင်မြို့ရှိသမိုင်းဝင်ဆံတော်ရှင် ကျိုက်သုတ် စေတီတော်မြတ်ကြီး၏ပရဝဏ်၌ နှစ်စဉ်ကျင်းပမြဲဖြစ်သည့် (၁၂၃)ကြိမ်မြောက် ဆေးပဒ္ဒာန်းလှူဒါန်းပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပရေးနှင့် လုပ်ငန်းဆပ်ကော်မတီများအား တာဝန်ပေးအပ်ပွဲ အခမ်းအနားကို ဩဂုတ် ၁၈ရက်က အဆိုပါစေတီတော်မြတ်ကြီး၌ ကျင်းပသည်။

အခမ်းအနားတွင် ဆေးပဒ္ဒာန်း လှူဒါန်းပူဇော်ပွဲ ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးရွှေရင်က အမှာစကားပြောကြားပြီး ဆရာတော်၊ သံဃာတော်များအား ပင့်ဆောင်ကြိုဆိုရေး၊ ကျောင်းအသီးသီးသို့ ပင့်စာပေးပို့ရေး၊ လှူဒါန်းသည့်ဆေးဝါးများကို လက်ခံရယူ၍ စနစ်တကျ သိမ်းဆည်းထားရှိရေး၊ ဘုရားရင်ပြင် သန့်ရှင်းသပ်ရပ်စွာ ဆောင်ရွက်ထားရှိရေးနှင့် စပ်လျဉ်း၍ ကျင်းပရေး လုပ်ငန်းနှင့် ဆပ်ကော်မတီ အသီးသီးတို့ကို ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်။

အလှူရှင်များ၊ အသင်းအဖွဲ့များနှင့် ဆေးတိုက်ပိုင်ရှင်များအနေဖြင့် ဆေးပဒ္ဒာန်းလှူဒါန်းပွဲအတွက် ရန်ကုန်မြို့ ရွှေတိဂုံစေတီတော် အနောက်ဘက်စောင်းတန်းအောက်ပစ္စယာရှိ မော်လမြိုင်မြို့နယ်အသင်း (ရန်ကုန်) ဖုန်း-၀၁-၂၅၆၁၅၇၊ ဒေါ်ပြုံးပပဝင်း ဖုန်း-၀၂-၆၄၃၅၀၊ ၀၉-၂၀-၁၀၅၄၂၊ (လှူပုံတံဆိပ်ရွှေဆိုင်းတိုက် ၁၀၈-၇လမ်း၊ ၁၃၅/၁၃၆လမ်းကြား မျက်ပါးရပ် မန္တလေးမြို့)၊ ဒုတိယဥက္ကဋ္ဌ ဦးစိုးဝင်း ဖုန်း-၀၁-၇၂၈၂၃၇၊ ကျိုက်သုတ်စေတီတော် ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးရွှေရင် ဖုန်း-၀၅၇-၂၅၅၃၁၊ ဒုတိယ ဥက္ကဋ္ဌ ဦးမြင့်ဇော် ဖုန်း-၀၅၇-၂၅၅၈၂နှင့် အတွင်းရေးမှူး ဦးမျိုးခိုင် ဖုန်း-၀၅၇-၂၄၆၉၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

(သတင်းစဉ်)

သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးပညာပေး သုံးခွ၌ ရာသက်ပန် အသင်းဝင်အဆိုပြုလွှာပေးအပ်

ရန်ကုန် ဩဂုတ် ၂၄

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကျင်းပသော သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး ဟောပြောပွဲ၊ အသင်းခွဲ အဆိုပြုလွှာနှင့် ရာသက်ပန် အသင်းဝင် အဆိုပြုလွှာပေးအပ်ပွဲကို ဩဂုတ်၂၃ရက် နံနက်၉နာရီက သုံးခွမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ခန်းမဆောင်၌ ကျင်းပသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ကြင်မြိုင်က အမှာစကားပြောကြားပြီး မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်စောမြတ်နွယ်နှင့်တာဝန်ရှိသူများက အသင်းခွဲ အဆိုပြုလွှာနှင့် ရာသက်ပန်အသင်းဝင် အဆိုပြုလွှာများကို ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌထံ ပေးအပ်ကြသည်။**(အပေါ်ယာပုံ)** ဆက်လက်၍ မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာဦးမြင့်စိုးက သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးနှင့် စပ်လျဉ်း၍ ပညာပေးဟောပြောသည်။ အခမ်းအနားအပြီးတွင် ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ကြင်မြိုင်နှင့်အဖွဲ့ဝင်များသည် သုံးခွမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း နေ့ကလေးထိန်းကျောင်းသို့သွားရောက်၍ ရင်သွေးငယ်များအား လက်ဆောင်ပစ္စည်းများ ပေးအပ်ပြီး အာဟာရကျွေးမွေးနေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(ခရိုင် ပြန်/ဆက်)**

ဒေါ်ရီရီရှိန်က ရည်မှန်းချက် ရှိရမည် ခေါင်းစဉ်ဖြင့် ဟောပြောကာ ဟောပြောပွဲအပြီးတွင် ကျောင်းသား ကျောင်းသူများက ပြသထားသော နံရံကပ်စာစောင်များကို ကြည့်ရှုလေ့လာကြသည်။ **(အပေါ်ပုံ)**

(မြို့နယ် ပြန်/ဆက်)

နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲ တောင်ဥက္ကလာပ အထက(၅)၌ ကျင်းပ

ရန်ကုန် ဩဂုတ် ၂၄

တောင်ဥက္ကလာပမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကြီးမှူးကျင်းပသော နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲအခမ်းအနားကို ဩဂုတ် ၂၁ ရက်က အထက(၅) တောင်ဥက္ကလာပ ကျောင်းခန်းမ၌ ကျင်းပသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် တောင်ဥက္ကလာပမြို့နယ် အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း တာဝန်ခံကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စန်းရီက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး

ကျိုက္ကလော့ မိုးကုတ်ရိပ်သာ တရားစခန်းပွဲ

ရန်ကုန် ဩဂုတ် ၂၄

မင်္ဂလာဒုံမြို့နယ် ကျိုက္ကလော့ ပရိယတ္တိစာသင်တိုက် မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ၌ ဆရာတော် ဘဒ္ဒန္တ ဒေါက်တာစန္ဒာဝရာဘိဝံသ ဦးစီး၍ မိုးကုတ်ဝိပဿနာ ရှစ်ရက်တရားစခန်းပွဲကို ဩဂုတ် ၃၁ရက်မှ စက်တင်ဘာ ၇ရက်အထိ ကျင်းပမည်ဖြစ်ရာ တရားစခန်းဝင်လိုသူ ယောဂီများသည် ဩဂုတ် ၃၀ရက် ညနေ၅နာရီ နောက်ဆုံးထား၍ လာရောက်ကြရန်နှင့် ဆွမ်းဆက်ကပ် လှူဒါန်းလိုသူများသည် ဖုန်း-၀၉-၈၅-၈၁၆၇၅၊ ၀၉-၅၁-၀၅၆၆၅ နှင့် ၆၃၅၆၃၂ တို့သို့ ဆက်သွယ် နိုင်ကြောင်း သိရသည်။

အမြဲတမ်းဝတ်ဆင်

တရားချိန်များ၌ ယောဂီဝတ်စုံကိုသာ အမြဲတမ်းဝတ်ဆင်ကြရမည်ဖြစ်ကြောင်းနှင့် အသက် ၁၅နှစ်နှင့်အထက် ယောဂီများကိုသာ လက်ခံမည်ဟု သိရသည်။ (မြန်မာ့အလင်း)

ဟောပြောပွဲနှင့်စာအုပ်လှူဒါန်းပွဲ ဗိုလ်တထောင်၌ကျင်းပ

ရန်ကုန် ဩဂုတ် ၂၄

ဗိုလ်တထောင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်ပညာရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် ဟောပြောပွဲနှင့် စာအုပ်လှူဒါန်းပွဲ အခမ်းအနားကို ဩဂုတ် ၂၁ရက် မွန်းတည့် ၁၂နာရီက အထက(၁)ဗိုလ်တထောင် ကျောင်းခန်းမ၌ ကျင်းပသည်။

ပေးအပ်လှူဒါန်း

အခမ်းအနားတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးညွှန့်က **ရည်မှန်းချက်ရှိရမယ်** ခေါင်းစဉ်ဖြင့် ဟောပြောပြီး ဗိုလ်တထောင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနအတွက် စာအုပ်စာစောင် ၃၃၂အုပ်ကို ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စန်းမြင့်က မြို့နယ်ဦးစီးမှူး ဒေါ်သန်းနွဲ့ထံ ပေးအပ်လှူဒါန်းသည်။ (ဝဲပုံ) **(မြို့နယ် ပြန်/ဆက်)**

နန္ဒဝန်ဈေးကုန်စည်ပြပွဲနှင့် ဈေးရောင်းပွဲတော်ကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၄

ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် နန္ဒဝန်ဈေး မိုးရာသီကုန်စည်ပြပွဲနှင့် ဈေးရောင်းပွဲတော်ကို ဩဂုတ်၂၉ရက်မှ စက်တင်ဘာ၂ရက်အထိ နေ့စဉ်နံနက် ၉နာရီမှ ည၉နာရီအထိ ကျင်းပသွားမည်ဖြစ်ပြီး အဆိုပါ ဈေးရောင်းပွဲတော်တွင် အထည်အလိပ်ပစ္စည်းများ၊ အလှကုန်ပစ္စည်းများ၊ စတီးလ်ပစ္စည်းများ၊ တိုင်းရင်းဆေးဝါးများနှင့် အခြားလူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးသွားမည်ဟု သိရသည်။

(မြန်မာ့အလင်း)

အလုံ၊တာမွေနှင့်မင်္ဂလာတောင်ညွန့်မြို့နယ်များရှိ ဘုန်းတော်ကြီး ပရိယတ္တိစာသင်တိုက်များသို့ တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင်အလှူတော်ငွေများ ပေးအပ်လှူဒါန်း

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေထံ ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်း ၁၁ ကျောင်းနှင့် မင်္ဂလာတောင်ညွန့်မြို့နယ် ဘုန်းတော်ကြီးကျောင်း ကိုးကျောင်းတို့သို့ တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေများ ပေးအပ်လှူဒါန်းပွဲတွင် အလှူရှင်တစ်ဦးက အလှူငွေများပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

ရန်ကုန် ဩဂုတ် ၂၄

ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးပရိယတ္တိစာသင်တိုက် ခြောက်တိုက်သို့ တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီက ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ် ဆင်မင်းရပ်ကွက်ရှိ ကွင်းကျောင်း ကျောင်းတိုက်၌ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်ကြည်ညို၍ သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

သီလခံယူဆောက်တည်

ရှေးဦးစွာ အလုံမြို့နယ် ကွင်းကျောင်း ပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တသုဇာတထံမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် ဧည့်ပရိသတ်တို့က ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက ကွင်းကျောင်း ပရိယတ္တိစာသင်တိုက် ဦးစီးပဓာန နာယကဆရာတော်အား သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် တိုင်းမှူး၊ ဒုတိယမြို့တော်ဝန်၊ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများက ဆရာတော်၊သံဃာတော်များအား သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကိုဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တပ်မတော်(ကြည်း၊ ရေ၊လေ) မိသားစုများကိုယ်စား တပ်မတော်(ကြည်း၊ရေ၊လေ) အရာရှိကြီးသုံးဦးတို့က ဆွမ်းဆန်တော်၊ ဆီ၊ ဆားနှင့် ပဲတို့ကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြသည်။

ဆန်၊ဆီ၊ဆားလှူဒါန်း

ဆက်လက်၍ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီ၊ ဆားနှင့်ပဲတို့ကို တိုင်းမှူးက ဆရာတော်ထံ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊သာသနာရေးဝန်ကြီးဌာန၊ သစ်တောရေးရာ ဝန်ကြီးဌာန မြန်မာ့သစ်လုပ်ငန်း၊ ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေး ဦးပိုင်လီမိတက်၊ သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း၊ မြန်မာနိုင်ငံရေထွက်ပစ္စည်း ထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်း၊ ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာနနှင့် တိုင်းရင်းဆေးဝါး ထုတ်လုပ်သူများနှင့် ဌာနဆိုင်ရာများ၊ စေတနာရှင် ပြည်သူများက လှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ပဲနှင့် လှူဖွယ်ပစ္စည်းများကိုဒုတိယမြို့တော်ဝန်၊ တာဝန်ရှိသူများနှင့် အလှူရှင်များက ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြသည်။

ဆွမ်းပဒေသာပင်

ထို့နောက် ဆွမ်းပဒေသာပင် အလှူတော်ငွေများအဖြစ် တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုက ငွေကျပ် ၆၀၀၀၀၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်၆၀၀၀၀၊ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် အလုံမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့က ငွေကျပ်၄၇၀၀၀၀နှင့် စေတနာရှင်အလှူရှင်များက စုစုပေါင်း ငွေကျပ် ၇၉၀၂၆၀၀ တို့ကို ပေးအပ်လှူဒါန်းကြရာ စာသင်တိုက်များ ကိုယ်စား ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူး၊ ဒုတိယမြို့တော်ဝန်၊ တပ်မတော်အရာရှိကြီးများကလက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

လှူဒါန်းမှု

အလုံမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီး စာသင်တိုက် ခြောက်တိုက်သို့ ယနေ့ လှူဒါန်းမှုအစုစုတို့မှာ ဆွမ်းဆန်တော် ၁၃၂အိတ် ၁၅ပြည်၊ ဆီ ၈၃ ပိဿာ ၃၀ကျပ်သား၊ အိုင်အိုဒင်းဆား ၇၃၃ ပိဿာ၊ တိုင်းရင်း ဆေးမျိုးစုံ ၄၈၉၁ ဘူး၊ သွားတိုက်ဆား ၁၄၇ဘူး၊ ပဲ ၁၄၆ပိဿာ ၆၀ကျပ်သား၊ Calko Oat အထုပ် ၂၁ ထုပ်၊ ခြင်နိုင်ဆေးခွေဘူး ၃၂၀ နှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေကျပ် ၇၉၀၂၆၀၀ ဖြစ်သည်။

တာမွေနှင့်မင်္ဂလာတောင်ညွန့်

အလားတူ ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်း ၁၁ ကျောင်းနှင့် မင်္ဂလာတောင်ညွန့်မြို့နယ် ဘုန်းတော်ကြီးကျောင်း ကိုးကျောင်းတို့သို့ တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင်အလှူတော်ငွေများပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၂နာရီခွဲတွင် တာမွေမြို့နယ် နတ်ချောင်းရပ်ကွက်ရှိ မဟာသန္တိသုခကျောင်းတော်ကြီးတွင် ကျင်းပသည်။

အခမ်းအနားတွင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက တာမွေမြို့နယ် မင်္ဂလာသုခပါဠိတက္ကသိုလ်ကျောင်းတိုက် နာယကဆရာတော်အားသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး တိုင်းမှူး၊ ဒုတိယမြို့တော်ဝန်၊ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများက ဆရာတော် သံဃာတော်များအား သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက်တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများကိုယ်စား တပ်မတော်(ကြည်း၊ ရေ၊ လေ) အရာရှိကြီးသုံးဦးတို့က ဆွမ်းဆန်တော်၊ ဆီ၊ ဆားနှင့် ပဲတို့ကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီ၊ ဆားနှင့် ပဲတို့ကို တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်က ဆရာတော်ထံ ဆက်ကပ်လှူဒါန်းသည်။

လှူဖွယ်ပစ္စည်းများဆက်ကပ်

ယင်းနောက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊သာသနာရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်၊ သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း၊ မြန်မာနိုင်ငံ ရေထွက်ပစ္စည်းထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်း၊ ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာ ဦးစီးဌာနနှင့် တိုင်းရင်းဆေးဝါး ထုတ်လုပ်သူများနှင့် ဌာနဆိုင်ရာများ၊ စေတနာရှင်ပြည်သူများက လှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် လှူဖွယ်ပစ္စည်းများကို ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ တာဝန်ရှိသူများနှင့်အလှူရှင်များက ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဆွမ်းပဒေသာပင် အလှူတော်ငွေများအဖြစ် တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုက ငွေကျပ်ခုနစ်သောင်း၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်ခုနစ်သောင်း၊ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်တစ်သိန်း၊မင်္ဂလာတောင်ညွန့်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ စေတနာရှင်များက ငွေကျပ် လေးသိန်းငါးသောင်း၊ တာမွေမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် တစ်သိန်းတစ်သောင်း၊ ဓမ္မဇေယျာ စာသင်တိုက် ဆရာ ဒကာအဖွဲ့နှင့် အောင်မြေဗိမာန် ဆရာ ဒကာအဖွဲ့တို့က ငွေကျပ် ၁၅သိန်းစီ အပါအဝင် စေတနာရှင်၊ အလှူရှင်များက စုစုပေါင်း ငွေကျပ် ၁၅၈၆၉၇၀၀ တို့ကို ပေးအပ်လှူဒါန်းရာ စာသင်တိုက်များကိုယ်စား ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူး၊ ဒုတိယမြို့တော်ဝန်၊ တပ်မတော်အရာရှိကြီးများက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

လှူဒါန်းမှုအစုစု

တာမွေနှင့် မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်းရှိ ပရိယတ္တိ စာသင်တိုက်များသို့ ယနေ့ လှူဒါန်းမှုအစုစုတို့မှာ ဆွမ်းဆန်တော် ၁၀၁အိတ် ကိုးပြည်၊ ဆီ ၅၅ပိဿာ ၅၀ကျပ်သား၊ အိုင်အိုဒင်းဆား ၅၅၅ပိဿာ၊ သွားတိုက်ဆား ၁၁၁ဘူး၊ တိုင်းရင်းဆေးမျိုးစုံ ၇၃၉၅ဘူး၊ ပဲ ၁၄၁ပိဿာ၊ ငရုတ်သီးမှုန့် အထုပ် ၄၅၀၊ ခြင်နိုင်ဆေးခွေဘူး ၃၂၀၊ ဆွမ်းပဒေသာပင် အလှူတော် ငွေကျပ် ၁၅၈၆၉၇၀၀ ဖြစ်သည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း အင်တာနက်ဖောင်ပိတ်သတင်း

ဂျော်ဂျီယာနိုင်ငံ ဂိုရီမြို့အနီး ရထားမိုင်းထိ

တီဘီလီစီ ဩဂုတ် ၂၄

ဂျော်ဂျီယာနိုင်ငံ ဂိုရီမြို့ အရှေ့ဘက် ခြောက်မိုင်ခန့်အကွာ၌ ဩဂုတ် ၂၄ ရက်က စက်သုံးဆီများ တင်ဆောင်လာသော ရထားတစ်စင်း မြေမြှုပ်မိုင်းပေါက်ကွဲထိမှန်မှုဖြစ်ပွားခဲ့ကြောင်း ဂျော်ဂျီယာအရာရှိများက ပြောကြားသည်။

စက်သုံးဆီများ တင်ဆောင်လာသည့် အဆိုပါရထားသည် မြေမြှုပ်မိုင်း ပေါက်ကွဲထိမှန်မှုကြောင့် မီးလောင်မှုဖြစ်ပွားပြီး အနီးရှိ မော်တော်ယာဉ်များပါ မီးလောင်ကျွမ်းမှုခံခဲ့ရကြောင်း၊ မီးသတ်တပ်ဖွဲ့ဝင်များက ဝိုင်းဝန်းမီးငြိမ်းသတ်လျက်ရှိကြောင်း ၄င်းတို့က ပြောကြားသည်။

ကာဇက်စတန်၌ ခရီးသည်တင်လေယာဉ်ပျက်ကျ

အယ်မာတီ ဩဂုတ် ၂၄

အာရှအလယ်ပိုင်း ကာဇက်စတန်နိုင်ငံတွင် ဩဂုတ် ၂၄ ရက်က ခရီးသည် ၁၂၃ဦး တင်ဆောင်ထားသော ဘိုးရင်း ၇၃၇ ဂျက်လေယာဉ်တစ်စင်း ပျက်ကျခဲ့ကြောင်း ကာဇက်စတန်နိုင်ငံမှ လေကြောင်းအရာရှိများက ပြောကြားသည်။ **(ယာပုံ)**

အဆိုပါလေယာဉ်သည် ကာဇက်စတန်နိုင်ငံ မြို့တော်ဘက်ကစ်မှ အီရန်နိုင်ငံ မက်ဟတ်မြို့သို့ ပျံသန်းစဉ် ကာဇက်စတန်နိုင်ငံ မာနက်စ်လေဆိပ်အနီး၌ ပျက်ကျခဲ့ခြင်းဖြစ်သည်။ ၄င်းလေယာဉ်ပျက်ကျမှုကြောင့် ခရီးသည်၇၁ဦးခန့်သေဆုံးကြောင်းသိရသည်။

ကျေးရွာစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေး တွန်းအားပေးဆောင်ရွက်

နေပြည်တော် ဩဂုတ် ၂၄

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်သည် ဩဂုတ် ၇ရက် နံနက်ပိုင်းတွင် ချောက်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်မြင်သံကြားခန်းမ၌ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ဌာနရည်မှန်းချက်(၁၁)ရပ် အောင်မြင်ရေး၊ စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မာဖွံ့ဖြိုးရေး၊ ဝန်ထမ်းများ အရည်အသွေးမြင့်မားရေးတို့ကို မှာကြားသည်။

မတည်ငွေ

ထို့နောက် မွန်းလွဲပိုင်းတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမ၌ ကျင်းပသည့် ကျေးရွာစာကြည့်တိုက်များ ဆောက်လုပ်ရန် မတည်ငွေကျပ် သိန်း ၂၀နှင့် စာအုပ်စာစောင်လှူဒါန်းပွဲသို့ တက်ရောက်ပြီး အဆောက်အအုံဆောက်လုပ်ရန် လှူဒါန်းငွေကျပ်သိန်း ၂၀ကို လက်ခံသည်။

ဆက်လက်၍ လူမှုရေးအသင်းအဖွဲ့များနှင့် ဌာနဆိုင်ရာ ၂၀ တို့မှ ငွေကျပ် ခုနစ်သိန်းကျော်တန်ဖိုးရှိ စာအုပ်စာစောင် အုပ် ၂၁၂၀ ပေးအပ်လှူဒါန်းရာ မကွေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးတင်မောင်လွင်က လက်ခံယူသည်။

ဆွေးနွေး

ယင်းနောက် ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်က လှူဒါန်းမှုအတွက် ကျေးဇူးတင်စကားနှင့် စာကြည့်တိုက် အကျိုးကျေးဇူး၊ ရေရှည်တည်တံ့ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရမည့် နည်းလမ်းများကို ဆွေးနွေးပြောကြားသည်။

ညွှန်ကြားရေးမှူးချုပ်သည် ဩဂုတ် ၈ရက်တွင် ချောင်းတက်ကျေးရွာ ကြည်နူးရိပ်စာကြည့်တိုက်၊ ဥယျာဉ်ကျေးရွာ ရောင်ခြည်ဦးစာကြည့်တိုက်နှင့် စလေဓာတ်မြေရပ်ကွက် ပုလဲစာကြည့်တိုက်များကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ခေတ်မီနည်းပညာများ ကျွမ်းကျင်တတ်မြောက်အောင် လေ့လာသင်ယူ တိုင်းပြည်နှင့်လူမျိုးအကျိုးပြုနိုင်သည့် ပညာရှင်များဖြစ်အောင် ကြိုးစား

နေပြည်တော် ဩဂုတ် ၂၄

ပြန်ကြားရေးဝန်ကြီးဌာန ၂၀၀၇-၂၀၀၈ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ဝန်ထမ်းသား/သမီးများအား ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးရှိ စုပေါင်းခန်းမ၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်၍ အမှာစကားပြောကြားပြီး ဂုဏ်ပြုဆုရ ကျောင်းသား ကျောင်းသူများအား ဆုများ ပေးအပ်ချီးမြှင့်သည်။

တက်ရောက်

ဂုဏ်ပြု ဆုချီးမြှင့်ပွဲအခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့်လုပ်ငန်းများမှညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အထွေထွေမန်နေဂျာများ၊ ဝန်ထမ်းများ၊ ဆုရကျောင်းသား ကျောင်းသူများနှင့် ၎င်းတို့၏ မိဘများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားရာတွင် ကျောင်းသား ကျောင်းသူများအနေဖြင့် မိမိတို့၏ ကြိုးစားမှုကြောင့် အောင်မြင်ခဲ့သည့် ဘဝမှတ်တိုင်တစ်ခု စိုက်ထူနိုင်တာကို အသိအမှတ်ပြုသည့် နေ့တစ်နေ့ဖြစ်ပြီး နောင်ဆက်လက်၍ အနာဂတ်တွင် စိုက်ထူရမည့် ဘဝမှတ်တိုင်များအတွက် အားသစ်အင်သစ်များ အစပျိုးဖြစ်ထွန်းရာ နေ့တစ်နေ့ဖြစ်ကြောင်း။

ကြိုးစားသင်ယူ

ယနေ့ခေတ်သည် ပညာခေတ်ဖြစ်၍ လူငယ် မောင်မယ်များအနေဖြင့် ခေတ်မီနည်းပညာများ ကျွမ်းကျင်တတ်မြောက်အောင် ဆက်လက် ကြိုးစားသင်ယူကြရဦးမှာဖြစ်ကြောင်း၊ ထူးချွန်ကျောင်းသား ကျောင်းသူများအနေဖြင့် တိုင်းပြည်နှင့် လူမျိုးအတွက် အကျိုးပြုနိုင်သည့် ပညာတတ်၊ ပညာရှင်များ ဖြစ်လာအောင် ဆက်လက်ကြိုးစားသွားကြရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ၂၀၀၇-၂၀၀၈ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ခြောက်ဘာသာဂုဏ်ထူးရှင် တစ်ဦး၊ ငါးဘာသာဂုဏ်ထူးရှင် သုံးဦး၊ သုံးဘာသာဂုဏ်ထူးရှင် ငါးဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ငါးဦးနှင့် တစ်ဘာသာဂုဏ်ထူးရှင် ငါးဦးတို့အား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုလက်မှတ်နှင့် ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ဆုရကျောင်းသား ကျောင်းသူများကိုယ်စား ကျောင်းသူ တစ်ဦးက ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ပေးအပ်ချီးမြှင့်

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ၂၀၀၇-၂၀၀၈ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့သည့် ခြောက်ဘာသာဂုဏ်ထူးရှင် မရည်သွယ်အောင်အား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုလက်မှတ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၂၅-၈-၂၀၀၈ရက် (တနင်္လာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ အဆိုပြိုင်ပွဲ
- ၇:၅၀ ၅။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၈:၀၀ ၆။ တေးဂီတအစီအစဉ်
- ၈:၁၅ ၇။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၈:၃၀ ၈။ International News
- ၈:၄၀ ၉။ အတီးပြိုင်ပွဲ
- ၈:၅၀ ၈။ **သတိတစ်ချက်တစ်သက်အမှား** ကျော်မင်းနောင်၊ ကြည်လဲ့လဲ့ဦး၊ နန်းကလျာလှိုင် (ဒါရိုက်တာ-စောစန္ဒာလှိုင်)
- ၉:၀၀ ၉။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၂၀ ၂။ မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ဖျော်ဖြေခန်း
- ၄:၃၅ ၃။ အကပဒေသာ
- ၄:၄၅ ၄။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၄:၅၅ ၅။ မူဟန်သွယ်သွယ်ဆိုကြမယ်
- ၅:၁၅ ၆။ အတီးပြိုင်ပွဲ
- ၅:၃၅ ၇။ **နတ်လူသာရခေါ်စေသော်** ခေတ်သစ်၊ ဝိုင်းစုခိုင်သိန်း၊ သတိုးစော (ဒါရိုက်တာ-သော်ကိုကိုကျော်)
- ၅:၅၅ ၈။ ပြန်ကြားရေးဝန်ကြီးဌာန၊ နိုင်ငံတော်သံစုံတီးဝိုင်း ဖျော်ဖြေတင်ဆက်မှုအစီအစဉ် (ပြည်သူ့အတွက်မြန်မာ့အသံ)
- ၆:၀၀ ၉။ ညနေခင်းသတင်း
- ၆:၃၀ ၁၀။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၁။ အလှရှာမယ်လှကမ္ဘာဝယ်
- ၇:၀၀ ၁၂။ ဘက်စုံဖွံ့ဖြိုးတိုးတက်ဝေဆာ ဖာပွန်းစံပြကျေးရွာ
- ၇:၀၅ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **ပန်းပျိုးလက်** (အပိုင်း-၃)
- ၈:၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **မျက်ဝန်းရိပ်**(အပိုင်း-၃)
- ၁၈။ အစီအစဉ်ပြီး၏။

မြန်မာ့အလင်း မိုးလေဝသ ခန့်မှန်းချက်

သန်းသန်းနု ကိုးကားတင်ပြသည်

ရှမ်းပြည်နယ်၊မွန်ပြည်နယ်၊ပဲခူးတိုင်းနှင့်တနင်္သာရီတိုင်းတို့၌ နေရာစိပ်စိပ်မိုးရွာနိုင်

ရန်ကုန် ဩဂုတ် ၂၄

ဩဂုတ် ၂၃ရက်က ကမ္ဘာ့နိုင်ငံများ၏ မိုးလေဝသအခြေအနေကို ဆန်းစစ်ကြည့်ပါလျှင် အမေရိကန်နိုင်ငံ ဆီးတယ်လ်မြို့၌ ဆီးနှင်းများ ထူထပ်စွာကျဆင်းခြင်း၊ ဝေလအရှေ့ပိုင်းတွင် လေဆင်နှာမောင်းတိုက်ခတ်၍ မိုးသည်းထန်စွာရွာသွန်းပြီး ရေလွှမ်းမှုဖြစ်ပေါ်ခြင်း၊ ဂျပန်နိုင်ငံအရှေ့ပိုင်းတွင် ရစ်ချ်တာစကေး ၅ ဒသမ ၁ ရှိ ငလျင်လှုပ်မှုဖြစ်ပေါ်ခဲ့ကြောင်း တွေ့ရှိရသည်။

ဩဂုတ် ၂၄ရက်က မြန်မာနိုင်ငံ၏ မိုးလေဝသအခြေအနေကို ဆန်းစစ်ကြည့်လျှင် ကချင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့၌ နေရာကျဲကျဲ မိုးရွာခဲ့သည်။ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းတို့၌ နေရာစိပ်စိပ် မိုးရွာသွန်းခဲ့သည်။

ဩဂုတ် ၂၄ရက်က ရွာသွန်းခဲ့သော မိုးရေချိန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

မချမ်းဘော	**၃ဒသမ ၄၆လက်မ**	**ရန်ကုန်(မြို့လယ်)**	**၁ဒသမ ၇၀လက်မ**
ပူတာအို	**၁ဒသမ ၄၆လက်မ**	**ပဲခူး**	**၁ဒသမ ၃၈လက်မ**
ဘီးလင်း	**၁ဒသမ ၂၆လက်မ**	**ကျောက်ဖြူ**	**၁ဒသမ ၂၂လက်မ**

ဩဂုတ် ၂၅ရက် **(ယနေ့)** ပြည်နယ်နှင့် တိုင်းများ၏ မိုးလေဝသအခြေအနေကို ခန့်မှန်းရပါက ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်မိုးရွာနိုင်ပြီး ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် ဧရာဝတီတိုင်းတို့၌ နေရာကျဲကျဲ မိုးရွာသွန်းနိုင်သည်။ ကျန်ဒေသများတွင် နေရာကျဲကျဲ မိုးရွာသွန်းနိုင်ပြီး ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ဩဂုတ် ၂၅ရက် **(ယနေ့)** နေပြည်တော်နှင့် မန္တလေးမြို့နှင့် အနီးတစ်ဝိုက် နေရာကွက်ကျားမိုးရွာနိုင်ပြီး ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက် နေရာကွက်ကျားမိုးရွာနိုင်ပြီး ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မုတ်သုံလေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေပြီး မြန်မာ့ပင်လယ်ပြင်၌ လှိုင်းအသင့်အတင့်ရှိသည်။ ။

ကိုးကား-မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန

မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၄

မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်းသည် ဩဂုတ် ၃၁ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးဌာန (IBC)ခန်းမ၌ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအားလုံး သိရှိနားလည်ထားရန်လိုအပ်သော အခွန်အကြောင်း သိကောင်းစရာ ခေါင်းစဉ်ဖြင့် ဟောပြောပွဲတစ်ရပ်ကို ကျင်းပမည်ဖြစ်ကြောင်း၊ ဟောပြောပွဲကို တက်ရောက်လိုသူသည် ဩဂုတ် ၂၈ ရက် နောက်ဆုံးထား၍ အသင်းရုံးခန်းသို့ လာရောက်စာရင်းသွင်းရန် ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

*** ကျော်ဖုံးမှ**

ဖွင့်ပွဲအခမ်းအနား၌ တရုတ် သမ္မတဟူကျင်တောင်က "တစ်ကမ္ဘာလုံး ချစ်ခင်ရင်းနှီးမှုကို ဖော်ဆောင်ခဲ့ပြီ" ဟု ပြောကြားခဲ့သည်။ ထို့အတူ နိုင်ငံတကာ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ ဂျာကွက်စ်ရော့ဂီ ကလည်း "ပေကျင်း အိုလံပစ်ပွဲတော်သည် အစစအရာရာ ချောမွေ့အောင်မြင်စွာ ပြီးဆုံးခဲ့သလို အခမ်းနားဆုံး အိုလံပစ်ပွဲတော်တစ်ရပ်အဖြစ် ကျင်းပနိုင်ခဲ့ကြောင်း" ထုတ်ဖော် ချီးကျူးခဲ့သည်။

သရုပ်ပြ

(၂၉)ကြိမ်မြောက် ပေကျင်းအိုလံပစ်ပွဲတော် ပိတ်ပွဲကျင်းပရာ ငှက်သိုက်ပုံစံ အမျိုးသား အားကစားရုံအတွင်း နိုင်ငံတကာမှ ဖိတ်ကြားထားသည့် ဧည့်သည်ပေါင်း၉၁၀၀၀ကျော်နှင့်အတူ ပိတ်ပွဲသရုပ်ပြသမားများဖြင့် စည်ကားသိုက်မြိုက်လျက်ရှိသည့် တရုတ်ရိုးရာ ဓလေ့ သရုပ်ပြကွက်များ၊ ထူးခြားဖွယ် တူရိယာ တီးခတ်ပြသမှုများ၊ တရုတ် လူငယ်မောင်မယ်များက ညီညာဖြိုဖြိုး ကျွမ်းဘား ကကွက်များဖြင့် စုပေါင်း ညီညာစွာ သရုပ်ပြသခဲ့ကြရာ ရင်သပ်ရှုမောဖွယ်ရာပင် ဖြစ်သည်။

နှုတ်ဆက်ခဲ့

ထို့နောက် ပေကျင်းအိုလံပစ်ပွဲတော်တွင် ပါဝင်ဆင်နွှဲခဲ့ကြသော ကမ္ဘာ့ နိုင်ငံပေါင်း ၂၀၄ နိုင်ငံမှ အားကစားကိုယ်စားလှယ်အဖွဲ့များက သက်ဆိုင်ရာ နိုင်ငံအလံများ ကိုင်ဆောင်ကာ ချီတက် နှုတ်ဆက်ခဲ့ကြသည်။ ထိုသို့ နှုတ်ဆက်ရာတွင် အောင်ပွဲရအားကစား မောင်မယ်များက မိမိတို့ ဆုတံဆိပ်များကို ကိုင်မြှောက်ကာ နှုတ်ဆက်ခဲ့ကြသည်။

၂၀၀၈ ပေကျင်းအိုလံပစ်ပွဲတော် ပိတ်ပွဲအခမ်းအနားကျင်းပရာ ငှက်သိုက်ပုံစံ အမျိုးသားအားကစားရုံတွင် မီးကျည်မီးပန်းများ ပစ်ဖောက်ထားသည်ကို ဤသို့ လှပစွာတွေ့ရသည်။ (အင်တာနက်ဓာတ်ပုံ)

ပါဝင်ဆင်နွှဲ

ပေကျင်း အိုလံပစ်အားကစား ပွဲတော်ကို ဩဂုတ် ၈ရက် ည ၈နာရီ ၈မိနစ် ၈စက္ကန့်က စတင်ဖွင့်လှစ်ခဲ့ပြီး ဩဂုတ် ၂၄ရက် ည ၈နာရီ၌ ပိတ်ပွဲ အခမ်းအနား အောင်မြင်စွာကျင်းပ နိုင်ခဲ့သည်။ ပေကျင်းအိုလံပစ်ပွဲတော်၌ ပါဝင်ဆင်နွှဲခဲ့သော အားကစားသမား များအနေဖြင့် တစ်စုံတစ်ရာ အခက် အခဲမရှိဘဲ မိမိတို့သက်ဆိုင်ရာ အား ကစားပြိုင်ပွဲများ၌ ပါဝင်ဆင်နွှဲနိုင်ခဲ့ ကြသည်။

အခမ်းနားဆုံး

(၂၉)ကြိမ်မြောက် အိုလံပစ်ပြိုင်ပွဲ အဖြစ် ကျင်းပခဲ့သော ပေကျင်း အိုလံပစ်ပွဲတော်၌ ဖွင့်ပွဲနှင့် ပိတ်ပွဲ အခမ်းအနားများကို အထူးပြင်ဆင်ကာ အခမ်းနားဆုံး၊ အကြီးကျယ်ဆုံး အိုလံပစ်ပွဲတော်ဖွင့်ပွဲပိတ်ပွဲအဖြစ် စီစဉ် ကျင်းပခဲ့ခြင်း ဖြစ်သည်။ တရုတ်နိုင်ငံ သမိုင်းတွင်လည်း ပေကျင်းအိုလံပစ် ပွဲတော်ကဲ့သို့ ခမ်းနားစည်ကားသော အားကစားပွဲတော်များ မကျင်းပ ခဲ့ဖူးချေ။

၂၀၀၈ ပေကျင်း အိုလံပစ်ပွဲတော် အောင်မြင်စွာကျင်းပနိုင်ခဲ့သောအထိမ်း အမှတ်အဖြစ် ပေကျင်းမြို့ တစ်မြို့လုံး မီးရှူးမီးပန်းများ ကောင်းကင်ယံသို့ ပစ်လွှတ်ကာ ပေကျင်းမြို့အပါအဝင် တရုတ်မြို့ကြီးများ၌ လျှပ်စစ်ရောင်စုံ မီးများ ထွန်းညှိကာ ပျော်ရွှင်စွာ အောင်ပွဲခံခဲ့ကြပေသည်။ ။



၂၀၀၈ ပေကျင်း အိုလံပစ်ပွဲတော် ပိတ်ပွဲ အခမ်းအနား၌ တရုတ်မောင်မယ်များ၏ရင်သပ် ရှုမောဖွယ်ရာ ပြကွက်တစ်ခုကို ဤသို့ တွေ့ရသည်။ (အင်တာနက်ဓာတ်ပုံ)

ချင်းတွင်းမြစ်ရေ စိုးရိမ်ရေမှတ်အောက် ကျဆင်းမည်

ရန်ကုန် ဩဂုတ် ၂၄

ချင်းတွင်းမြစ်ရေသည် ယနေ့ နံနက် မြန်မာစံတော်ချိန် ၆နာရီခွဲ တိုင်းထွာချက်များအရ မော်လိုက်မြို့တွင် စိုးရိမ်ရေမှတ်အထက် ၃၈စင်တီမီတာ ၁ဒသမ (နှစ်ပေခန့်)နှင့် ကလေးဝမြို့တွင် စိုးရိမ်ရေမှတ်အထက် ၂၀စင်တီမီတာ (၀ဒသမ ၇ပေခန့်) အသီးသီး ကျော်လွန်ရောက်ရှိနေပြီး အဆိုပါ မြစ်ရေများသည် ယနေ့မွန်းတည့်မှ နောက် ၂၄နာရီအတွင်း ယင်းမြို့များ၏ စိုးရိမ်ရေမှတ်များအောက်သို့ ပြန်လည် ကျဆင်းမည်ဟု ခန့်မှန်းထားကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်သည်။

(သတင်းစဉ်)

စိုက်ပါ၊ စားပါ
အရသာ
မတူမြတ်ပီတိ

သဲသောင်ပြင်ဘောလုံးကစားနည်း ကျယ်ကျယ်ပြန့်ပြန့် ပေါ်ထွန်းလာစေရေး

ပထမခြေလှမ်းအနေဖြင့် မာဒေးကားဖလားပြိုင်ပွဲ မြန်မာအသင်းပါဝင်ယှဉ်ပြိုင်မည်

သတင်းဆောင်းပါးနှင့်ဓာတ်ပုံ-ဖိုးသော်ဇင်၊ စာမျက်နှာဖွဲ့စည်းမှု-သန်းဇော်

ရန်ကုန် ဩဂုတ် ၂၄

မြန်မာနိုင်ငံမှာ သဲသောင်ပြင်ဘောလုံးအားကစားနည်း ပြန့်ပွားလာစေရန် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အနေနဲ့ ပြင်ဆင် ဆောင်ရွက်လျက် ရှိပါတယ်။ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဟာ အမျိုးသားအားကစားနည်းလို့ဆိုနိုင်တဲ့ ဘောလုံးအားကစားနည်းကို အောင်မြင်မှုလမ်းကြောင်းပေါ်ရောက်ရှိအောင် ဆောင်ရွက်နေရင်းမှ ဖူဆယ်အားကစားနည်းကိုလည်း ၂၀၀၅ခုနှစ်မှာ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာမှာ အခုဆိုရင် နိုင်ငံတကာ ပြိုင်ပွဲတွေမှာ ထိုက်သင့်သလောက် အောင်မြင်မှုတွေ ရယူနိုင်တဲ့ အနေအထားကို ရောက်ရှိနေပြီ ဖြစ်ပါတယ်။ ဘောလုံးအဖွဲ့ချုပ်ရဲ့ တတိယမြောက် အားကစားနည်းလို့ ဆိုနိုင်တဲ့ သဲသောင်ပြင် အားကစားနည်းကိုလည်း ပြည်တွင်းမှာ ရုပ်လုံးပေါ်လာပြီး ပြည်ပအထိခြေဆန့်နိုင်အောင် စတင်ဆောင်ရွက်နေပြီဖြစ်ပါတယ်။

အကြောင်းဖန်လာ

မြန်မာနိုင်ငံမှာ သဲသောင်ပြင်ဘောလုံးအားကစားနည်း ပေါ်ပေါက်လာဖို့ အကြောင်းဖန်လာတာကတော့ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (FIFA) ရဲ့ ဖူဆယ်နှင့် သဲသောင်ပြင် ဘောလုံးကော်မတီမှာ အမှုဆောင်အဖြစ် ရွေးချယ်ခံရတာက စတယ်လို့ ပြောရမှာပါ။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်ဟာ ဗီဖာရဲ့ အမှုဆောင်အဖြစ် ရွေးချယ်ခံရပြီးနောက်ပိုင်းမှာ သဲသောင်ပြင် ဘောလုံးအားကစားကို ပြည်တွင်းမှာ ပြန့်ပွားနိုင်အောင် ဘရာဇီးမှာကျင်းပတဲ့ ကမ္ဘာ့သဲသောင်ပြင်ဘောလုံးပြိုင်ပွဲကို သွားရောက်ကြည့်ရှုလေ့လာခဲ့ပါတယ်။ အခုဆိုရင် ပထမခြေလှမ်းအနေနဲ့ လာမယ့် ဩဂုတ် ၂၇ရက်ကနေ ၃၁ရက်အထိ မလေးရှားနိုင်ငံမှာ ကျင်းပမယ့် မာဒေးကားဖလား သဲသောင်ပြင် ဘောလုံးပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်တော့မှာ ဖြစ်ပါတယ်။ အဲဒီပြိုင်ပွဲအတွက် ပြင်ဆင်ချိန်ကပ်နေတာကြောင့် မြန်မာလိဂ်အဆင့်မြင့်တန်းက ဘောလုံးသမားတွေနဲ့ပဲဖွဲ့စည်းပြီး သွားပြိုင်မှာပါ။

ပြည်တွင်းမှာ သဲသောင်ပြင်ဘောလုံးအားကစားကျယ်ကျယ်ပြန့်ပြန့် ဖြစ်လာဖို့နဲ့ နိုင်ငံတကာပြိုင်ပွဲတွေမှာ အဆင့်အတန်းမြင့်မားစွာ ယှဉ်ပြိုင်ပြီး အောင်မြင်မှုတွေ ရယူနိုင်ဖို့ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်အနေနဲ့ စီမံကိန်းများချမှတ်ကာ ဆောင်ရွက်လျက် ရှိပါတယ်။ သဲသောင်ပြင် ဘောလုံးကွင်းကို တည်ဆောက်နေပြီဖြစ်သလို အောက်တိုဘာလအတွင်းမှာ အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းမှာကျင်းပမယ့် အာရှသဲသောင်ပြင်ဘောလုံးပြိုင်ပွဲကျရင်တော့ အခုပြိုင်ပွဲထက်စာရင် အသေအချာ

"ပထမဆုံး အတွေ့အကြုံ ဖြစ်ပေမယ့် ကြိုးစားယှဉ်ပြိုင်သွားမှာပါ"
ဦးအောင်ထွန်းထွန်း
နည်းပြ

ပြင်ဆင်ပြီး ပြိုင်ပွဲဝင်နိုင်မယ်လို့ သိရပါတယ်။

အဲဒီပွဲအတွက် အခုကတည်းက ဘောလုံးသမားတွေအပြင် အပြင်က စိတ်ဝင်စားသူတွေကိုပါ ဖိတ်ခေါ်၍ လူရွေးပွဲတွေ ပြုလုပ်နေပါတယ်။ အာရှသဲသောင်ပြင် ဘောလုံးပြိုင်ပွဲကျရင် လူရွေးချယ်မှုများလည်း အသေအချာ ပြုလုပ်နိုင်မည် ဖြစ်သလို လေ့ကျင့်ပြင်ဆင်ချိန်လည်း ပိုမိုရရှိနိုင်မှာ ဖြစ်ပါတယ်။ ဒါ့အပြင် လေ့ကျင့်ရေးကွင်းမှာလည်း မကြာခင် ပြီးစီးတော့မှာဖြစ်လို့ လေ့ကျင့်ပြင်ဆင်မှု အပိုင်းမှာ အပြည့်အဝရရှိလာမှာ ဖြစ်ပါတယ်။

လေ့ကျင့်ခဲ့

အခုယှဉ်ပြိုင်ရတော့မယ့် မာဒေးကား သဲသောင်ပြင်ဘောလုံးပြိုင်ပွဲ ယှဉ်ပြိုင်ဖို့ မြန်မာအသင်းဟာ ဇူလိုင်နောက်ဆုံးပတ်ကစပြီး စခန်းဝင် လေ့ကျင့်ခဲ့ပါတယ်။ ပဏာမ ၁၉ဦး ရွေးချယ်ခဲ့ပေမယ့် နှစ်ဦးမလာတာကြောင့် ၁၇ဦးနဲ့သာ လေ့ကျင့်ခဲ့ရပါတယ်။ လေ့ကျင့်ရေးကွင်းမှာ တည်ဆောက်ဆဲဖြစ်တာကြောင့် ဒဂုံဆိပ်ကမ်းမြို့နယ်မှာရှိတဲ့ သဲကွင်းတွေမှာ လေ့ကျင့်ခဲ့ပြီး နည်းပြအဖြစ် မြန်မာ့လက်ရွေးစင်ဘောလုံးသမားဟောင်း ဦးအောင်ထွန်းထွန်းက တာဝန်ယူ လေ့ကျင့်ပေးခဲ့ပါတယ်။ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်နည်းစနစ်ဒါရိုက်တာ ဦးစိုးမြင့်လွင်က နည်းစနစ်အကြံပေး အဖြစ် ဆောင်ရွက်ပေးနေပါတယ်။

အတွေ့အကြုံ

အသင်းနည်းပြဦးအောင်ထွန်းထွန်းက "ကျွန်တော်တို့ကသဲသောင်ပြင်ဘောလုံးကို အတွေ့အကြုံမရှိသေးပေမယ့် အကောင်းဆုံးဖြစ်အောင်ပြင်ဆင်နေပါတယ်။ ပြည်ပမှာ ကစားထားတဲ့ အခွေတွေကို ကစားသမားတွေကိုပြတယ်။ အဲဒီအခွေတွေကိုကြည့်ပြီး သူတို့အားသာချက်တွေကို လေ့လာတယ်။ ကိုယ့်အသင်းမှာ အသုံးဝင်နိုင်မယ့် နည်းစနစ်တွေကိုပြန်ပြီး လေ့ကျင့်ပေးထားပါတယ်။ နောက်ပြီး အခု ဒီမှာက မိုးတွင်းဖြစ်နေတော့ သဲတွေက မနစ်ဘူးဖြစ်နေတယ်။ ပြိုင်ပွဲကျရင်တော့ နည်းနည်းအခက်တွေ့နိုင်တယ်။ ဒါပေမယ့် အာရှပြိုင်ပွဲကျရင်တော့ ဒါထက် အများကြီးကောင်းသွားပြီ။ အခုသွားမယ့်လူတွေကလည်း အတွေ့အကြုံရထားပြီ။ အဲဒီပြိုင်ပွဲအတွက်လည်း ကစားသမား ၃၀ကို စမ်းသပ်လေ့ကျင့်ပေးနေပါတယ်။ အပြင်က ၁၀ယောက်ပါပါတယ်။

မာဒေးကားပြိုင်ပွဲက ကျွန်တော်တို့အတွက် ပထမဦးဆုံး ပြည်ပပြိုင်ပွဲဆိုပေမယ့် ရလဒ်ကောင်းတွေရရှိအောင် ကစားမှာပါ။ ဒီပြိုင်ပွဲကရရှိတဲ့ အတွေ့အကြုံနဲ့ နောက်ပြိုင်ပွဲတွေအတွက် ပြင်ဆင်သွားမှာပါ။ ကစားသမားတွေကလည်း ကြိုးစားလေ့ကျင့်နေလို့ အားရပါတယ်။ ကျွန်တော်တို့ဆီမှာ သဲသောင်ပြင်ဘောလုံးပြန့်ပွားဖို့ ဒီပြိုင်ပွဲဟာ ပထမခြေလှမ်းလို့ ပြောလို့ရပါတယ်" လို့ ပြောကြားခဲ့ပါတယ်။

မာဒေးကားဖလား သဲသောင်ပြင်ဘောလုံးပြိုင်ပွဲဝင်မယ့် မြန်မာအသင်းတွင် အုပ်ချုပ်သူအဖြစ် ဦးစိုးမြင့်လွင်၊ နည်းပြအဖြစ် ဦးအောင်ထွန်းထွန်း၊ အားကစားသမားများအဖြစ် ဂိုးသမား-ရဝေဇင်(ကမ္ဘောဇ)၊ ခိုင်စိုးထွန်း(ဗွီအင်)၊ အားကစားသမား-ဉာဏလွင် (ကမ္ဘောဇ)၊ ဝင်းမင်းထွဋ် (ပို့ဆောင်ရေး)၊ နေဇော်ထက် (ကမ္ဘောဇ)၊ သီဟ(လယ်ယာ/ဆည်မြောင်း)၊ အောင်သန်းဝင်း (ကမ္ဘောဇ)၊ မျိုးလှိုင်ဦး(စီးပွား/ကူးသန်း)၊ ထက်အောင် (ပို့ဆောင်ရေး)နှင့် တင်အောင်မိုး (လယ်ယာ/ဆည်မြောင်း)တို့ ပါဝင်ကြမှာ ဖြစ်ပါတယ်။

ပထမခြေလှမ်း

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဟာ မြန်မာနိုင်ငံမှာ သဲသောင်ပြင်ဘောလုံးအားကစားနည်း ပေါ်ထွန်းလာဖို့ ပထမခြေလှမ်းအနေနဲ့ မာဒေးကားပြိုင်ပွဲကို ယှဉ်ပြိုင်တော့မှာ ဖြစ်ပါတယ်။ အဲဒီကနေတစ်ဆင့် ပြည်တွင်းမှာ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်လာဖို့နဲ့ နိုင်ငံတကာ ပြိုင်ပွဲတွေမှာ ယှဉ်ပြိုင်အောင်နိုင်ဖို့ ဆက်လှမ်းမယ့် ခြေလှမ်းတွေကမူ ....။

(မြန်မာ့အလင်း)

မာဒေးကားဖလား သဲသောင်ပြင်ဘောလုံးပြိုင်ပွဲအတွက် မြန်မာကစားသမားများ ဤသို့ ပြင်းပြင်းထန်ထန် လေ့ကျင့်လျက်ရှိကြသည်။ (မြန်မာ့အလင်း)

မာဒေးကားပြိုင်ပွဲဝင်မည့် မြန်မာ့လက်ရွေးစင် သဲသောင်ပြင် ဘောလုံးအသင်းအား လေ့ကျင့်ရေးကွင်း၌ တွေ့ရစဉ်။ (မြန်မာ့အလင်း)

မြန်မာ့အလင်း သဘာဝဘေး အင်တာနက် ဖောင်ပိတ်သတင်း

ဗြိတိန်၌လေဆင်နှာမောင်းမွှေနှောက် နေအိမ်များပျက်စီး၊ ဓာတ်တိုင်များပြိုလဲ

အီဆွန် ဩဂုတ် ၂၄

ဗြိတိန်နိုင်ငံ နယူးဒူရာဟန်အရပ်ကို ဖြတ်သန်းကာ ဩဂုတ် ၂၄ရက်က လေဆင်နှာမောင်း ဝင်ရောက်မွှေနှောက်သွားရာ နေအိမ်များ ပျက်စီးခဲ့ကြောင်း ဗြိတိသျှအမျိုးသားသဘာဝဘေးဆိုင်ရာ အရာရှိများက ပြောကြားသည်။ (အပေါ်ပုံ)

ဓာတ်အားပြတ်တောက်

အဆိုပါလေဆင်နှာမောင်းသည် တစ်နာရီ မိုင် ၁၀၀ခန့် တိုက်ခတ်ခဲ့သဖြင့် နေအိမ်နှင့် အဆောက်အအုံအချို့ ပျက်စီးခဲ့ခြင်းဖြစ်သည်။ ထို့အတူ သစ်ပင်များအမြစ်မှ ကျွတ်ထွက်ကာ ဓာတ်တိုင်များ ပြိုလဲခဲ့သဖြင့် ဓာတ်အားပြတ်တောက်လျက်ရှိကြောင်း သိရသည်။

ကယ်လီဖိုးနီးယား၌ အပူလှိုင်းကျရောက်

နယူးယောက် ဩဂုတ် ၂၄

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် အိုင်ဒါဟိုမြို့အနီး ပတ်ဝန်းကျင်ဒေသများတွင် ဩဂုတ်၂၄ရက်က အပူချိန် ၁၀၇ ဒီဂရီဖာရင်ဟိုက်အထိ မြင့်တက်ခဲ့ကြောင်း အမေရိကန် မိုးလေဝသဌာနက သတင်းထုတ်ပြန်သည်။

အပူလှိုင်းဖြတ်

ထိုသို့ အပူချိန်မြင့်တက်ခဲ့သော်လည်း အချို့ဒေသများတွင် အပူချိန်များ လျော့ကျလျက်ရှိကြောင်း အမေရိကန်အရာရှိများက ပြောကြားသည်။ ထို့အပြင် အပူလှိုင်းဖြတ်ခြင်းကြောင့် ဒေသခံများအား အထူးသတိပေးချက်များ ထုတ်ပြန်ထားကြောင်း သိရသည်။

အာဖရိကတောင်ပိုင်း၌ရေလွှမ်း သုံးဦးသေဆုံး၊ ၁၀၀၀၀ ခန့် ရေဘေးဒုက္ခကြုံတွေ့

ဂျမေကာ ဩဂုတ် ၂၄

အာဖရိကဆာဟာရတောင်ပိုင်း ချဒ်နိုင်ငံတွင် ဩဂုတ် ၂၄ရက်က မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းခဲ့မှုကြောင့် ရေလွှမ်းမှုများဖြစ်ပေါ်ကာ သုံးဦးသေဆုံးခဲ့ကြောင်း ချဒ်နိုင်ငံအရာရှိများက ပြောကြားသည်။ (အောက်ပုံ)

ပြောကြား

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဆာဟာမြို့တွင် နေအိမ်များရေနစ်မြုပ်ပြီး လမ်းများရေလွှမ်းခဲ့သဖြင့် ဒေသခံပြည်သူ ၁၀၀၀၀ ခန့် ရေဘေးဒုက္ခကြုံတွေ့နေရကြောင်း ၎င်းတို့က ပြောကြားသည်။

ဆောင်ရွက်ပေး

မိုးမှာဆက်လက်ရွာသွန်းနေဆဲဖြစ်သဖြင့် နေအိမ်ပျက်စီးမှုများလည်း ဖြစ်ပေါ်ကာ ရေဘေးဒုက္ခကြုံတွေ့နေရသူများအား ကယ်ဆယ်ရေးအဖွဲ့များက ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

နီပေါ၌ မြေပြိုမှုဖြစ်ပွား လေးဦးသေဆုံး၊ နှစ်ဦးဒဏ်ရရှိ

ခတ္တမန္ဒူ ဩဂုတ် ၂၄

နီပေါနိုင်ငံ ခတ္တမန္ဒူမြို့တောင်ဘက် မိုင်၅၀ခန့်အကွာ ကျေးရွာတစ်ရွာ၌ ဩဂုတ် ၂၄ရက် နံနက်က မြေပြိုမှုဖြစ်ပွားရာ လေးဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိ သွားကြောင်း နီပေါအရာရှိများက ပြောကြားသည်။

မြေပြိုမှုဖြစ်ပွားသည့် ကျေးရွာမှ ရွာသားများအိပ်မောကျချိန် နံနက်၅နာရီခန့်တွင် ရုတ်တရက် မြေပြိုမှုဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး နေအိမ်နှစ်လုံးပျက်စီးသွားကြောင်း သိရသည်။

● *ကျောဖုံးမှ*

အားပေး

ပေကျင်းမြို့သို့ ရောက်သည်နှင့် မိမိတို့ အဖွဲ့သည် အိုလံပစ်အားကစားပွဲတော်ကျင်းပရာ အားကစားရုံများသို့ လှည့်လည်ကာ နိုင်ငံတကာမှ ပြိုင်ပွဲဝင်အားကစားသမားများယှဉ်ပြိုင်နေမှုများကို လိုက်လံလေ့လာကြည့်ရှုအားပေးခဲ့ကြသည်။

ကမ္ဘာ့မိသားစု

အိုလံပစ်ပွဲတော်ကျင်းပရာအားကစားရုံတိုင်းတွင် ပြိုင်ပွဲဝင်အားကစားမောင်မယ်များ၊ နိုင်ငံတကာမှပရိသတ်များ ဝက်ဝက်ကွဲ အားပေးကြည့်ရှုလျက်ရှိ နေသည်မှာ ကမ္ဘာ့မိသားစုဝင်များ တပေါင်းတစည်းတည်းပြန်လည်ဆုံတွေ့ချစ်ကြည်မှု ရှိနေကြသည့်အလား တွေ့မြင်ခံစားရသည်။

မဟာတံတိုင်း

ထို့နောက် အိုလံပစ်ပွဲတော်ကို ကြည့်ရှုအားပေးမှုအပြင် တရုတ်နိုင်ငံရှိ ကမ္ဘာကျော်မဟာတံတိုင်းကြီးသို့လည်း သွားရောက်လေ့လာခဲ့ရာ အိုလံပစ်ပွဲတော်ကာလဖြစ်သည်နှင့်အညီ နိုင်ငံတကာမှ ခရီးသွားဧည့်သည်များ ကြိတ်ကြိတ်တိုး စည်ကားလျက်ရှိနေသည်ကို တွေ့ရသည်။

ကြိတ်ကြိတ်တိုး

ပေကျင်းမြို့ တီယန်မင်ရင်ပြင်တွင် နိုင်ငံတကာမှ ကမ္ဘာလှည့်ခရီးသည်များ၊ အားကစားသမားများ၊ ပေကျင်းမြို့ရှိ ပြည်သူများ ကြိတ်ကြိတ်တိုး အပန်းဖြေအနားယူနေသည်ကိုလည်း တွေ့ခဲ့ရသည်။ ရင်ပြင်ရှိ ၂၀၀၈ပေကျင်း အမှတ်တံဆိပ်ပုံနှင့် ပန်းအလှပင်များ အရောင်မျိုးစုံဖြင့် ပြုလုပ်ထားမှုကိုလည်း တွေ့မြင်ရသည်။ အိုလံပစ်အမှတ်တံဆိပ်ပါသော့ချိတ်၊ တီရှပ်များ ရောင်းချနေမှုကိုလည်း တွေ့မြင်ခဲ့ရသည်။

ဦးဆောင်နေ

၂၀၀၈ ပေကျင်း အိုလံပစ်အားကစားပြိုင်ပွဲနောက်ဆုံးနေ့ဖြစ်သည့် ဩဂုတ်၂၄ရက်တွင် အမျိုးသား မာရသွန် အပြေးပြိုင်ပွဲနောက်ဆုံး ဗိုလ်လုပွဲကို နိုင်ငံတကာမှ မာရသွန် အပြေးအားကစားသမားများ အကြိတ်အနယ် ယှဉ်ပြိုင်နေကြသည်ကိုလည်း တွေ့မြင်ခဲ့ရသည်။ ထို့ပြင် မာရသွန် အပြေးသမားများအနက် ရှေ့ဆုံးမှ ဦးဆောင်ပြေးနေသူများမှာ ကင်ညာမှ ဖရန့်စစ်၊ ဘာမာဆိုင်၊ ဒေးပစ်လမ်းဂတ်နှင့် ကီနိုင်တို့ ဦးဆောင်ပြေးနေကြသည်။

အစည်ကားဆုံး

၂၀၀၈ ပေကျင်းအိုလံပစ်ပွဲတော်သည် ကျင်းပပြီးစီးခဲ့သော ကမ္ဘာ့အိုလံပစ်ပွဲတော်များအနက် အစည်ကားဆုံး၊ သိုက်မြိုက်ဆုံး၊ အဆင့်အတန်းအမြင့်ဆုံး အိုလံပစ်ပွဲတော်ကြီးတစ်ခုအဖြစ် တွေ့မြင် ရှုစားခဲ့ရပါကြောင်း ဖော်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)



မဟာတံတိုင်းကြီးပေါ်သို့ ကမ္ဘာလှည့်ခရီးသည်များ ဤသို့တက်ရောက်လေ့လာခဲ့ကြသည်။ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ကမ္ဘာ့အံ့ဖွယ် မဟာတံတိုင်းကြီးအနီး တောင်တန်းပေါ်တွင် ပေကျင်းအိုလံပစ်ပွဲတော် အထိမ်းအမှတ်အဖြစ် One World One Dream စာတန်းပါ ဆိုင်းဘုတ်ကြီးကို ဤသို့စိုက်ထူထားသည်။ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

၂၀၀၈ ပေကျင်း အိုလံပစ်အားကစားပြိုင်ပွဲများကို လာရောက်လေ့လာခဲ့ကြသည့် အာဆီယံနိုင်ငံများမှ သတင်းပြန်ကြားရေး ကိုယ်စားလှယ်များ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ခဲ့ကြစဉ်။ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

မြန်မာ့အလင်း အားကစားဖောင်ပိတ်သတင်း မြန်မာ့အလင်း

ချယ်လ်ဆီးတို့ အဝေးကွင်း၌ နိုင်ပွဲရ မန်စီးတီးတို့ အိမ်ကွင်း၌ ဂိုးပြတ်သွင်း

လန်ဒန် ဩဂုတ် ၂၄

ပရီမီယာလိဂ်ပွဲစဉ်(၂) လက်ကျန်ပွဲစဉ်များကို ဩဂုတ် ၂၄ရက်က ဆက်လက်ယှဉ်ပြိုင်ရာ အိမ်ရှင်ဝီဂန်နှင့် ချယ်လ်ဆီးတို့ပွဲတွင် ချယ်လ်ဆီးတို့ တစ်ဂိုးတည်းဖြင့်ကပ်ပြီး အနိုင်ရရှိကာ သုံးမှတ်အပြည့်ယူနိုင်ခဲ့သည်။

ဝီဂန်နှင့် ချယ်လ်ဆီး

အိမ်ရှင်ဝီဂန်တို့ကို ချယ်လ်ဆီးတို့ ရှုံးပွဲမကြုံအောင် ကြိုးစားကစားခဲ့ရသည်။ အနယ်လ်ကာတစ်ဦးတည်း တိုက်စစ်အထောင်ထားကာ ကွင်းလယ်၌ ဒေကို၊ အက်စီယံ၊ လမ်းပတ်၊ ဘောလက်နှင့် ဂျိုကိုးလ်တို့ငါးဦးကို အပြည့်ထုတ်သုံးခဲ့ရာ ပထမပွဲစဉ်အခင်းအကျင်းအတိုင်း စကိုလာရီအသုံးပြုခဲ့ခြင်းဖြစ်သည်။

အဖွင့်ဂိုးရရှိ

ဝီဂန်တို့က ဟက်စကီးနှင့် ဇာကီ တိုက်စစ်အတွဲကို ပွဲထုတ်ပြီး ချယ်လ်ဆီးနောက်တန်းကို ထိုးဖောက်ကစားခဲ့ရာ ၁၂ ကြိမ်ကန်သွင်းခွင့်ရကာ အပိုင်ကန်သွင်းမှုငါးကြိမ်အထိရရှိခဲ့သည်။ ချယ်လ်ဆီးတို့ ဝီဂန်ကို အပေါ်စီးမှ မကစားနိုင်ခဲ့သော်လည်း ပွဲအစလေးမိနစ်မှာပင် ဒေကိုက အလွတ်တည်ကန်ဘောမှတစ်ဆင့် လှလှပပကန်သွင်းယူခဲ့ရာမှ ချယ်လ်ဆီးတို့ အဖွင့်ဂိုးရရှိခဲ့သည်။

ချေပဂိုးမသွင်းနိုင်

ဝီဂန်တို့ ချေပဂိုးရရှိရေးတိုက်စစ်မြှင့်ကစားခဲ့ရာ တယ်ရီဦးဆောင်သော ချယ်လ်ဆီးနောက်တန်းကို ထိထိရောက်ရောက် မဖြတ်ကျော်နိုင်ခဲ့ချေ။ ဝီဂန်တို့က ကောမတ်စ်အစား ရစ်ဒါ၊ ဝီလ်ဆင်အစား ကာပို၊ မာရီရိုအစား ကာမာရာတို့ကို ထည့်သွင်းကစားစေခဲ့သော်လည်း ချေပဂိုးမသွင်းနိုင်ခဲ့ချေ။

ဝီဂန်နှင့် ချယ်လ်ဆီးတို့ပွဲတွင် ချယ်လ်ဆီးကွင်းလယ်ကစားသမား ဒေကို ဤသို့ ထိုးဖောက်ကစားခဲ့သည်။

အနိုင်ရရှိ

ထို့အတူ ချယ်လ်ဆီးတို့ကလည်း ဂိုးထပ်မံသွင်းယူနိုင်ရေးအတွက် ၅၈ မိနစ်၌ ဂျိုကိုးလ်အစား ကာလူး၊ ၈၃ မိနစ်၌ အက်ရှ်လေကိုးလ်အစား ဘရစ်ဂျ်၊ အနယ်လ်ကာအစား မာလူဒါတို့ကို အစားထိုး ကစားစေခဲ့သော်လည်း ရလဒ်ထူးခြား မလာသဖြင့် တစ်ဂိုး-ဂိုးမရှိဖြင့်သာ အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

မန်စီးတီးနှင့် ဝက်စ်ဟမ်း

အိမ်ကွင်း၌ မန်စီးတီးတို့ ခြေစွာနိုင်ခဲ့သည်။ ဝက်စ်ဟမ်းက အဝေးကွင်း၌ မန်စီးတီးကို ခြေရည်တူကစားနိုင်သော်လည်း ထိုးဖောက်ဂိုးသွင်းခွင့် နည်းပါးခဲ့သည်။ စတူရစ်တစ်ဦးတည်း တိုက်စစ်မြားဦးထားသော မန်စီးတီးတို့က ၁၆ကြိမ် ဂိုးသွင်းခွင့်အခွင့်အရေးရပြီး ခြောက်ကြိမ် အပိုင်ကန်သွင်းခွင့်ရရှိခဲ့ရာ ၆၅မိနစ်၌ ဝက်စ်ဟမ်းဂိုးဧရိယာအတွင်းမှ မန်စီးတီးတိုက်စစ်မှူး စတူရစ်က ဘယ်ခြေဖြင့် အပိုင်ကန်သွင်းယူခဲ့သဖြင့် အဖွင့်ဂိုးရရှိခဲ့သည်။

အပိုင်ကန်သွင်း

မန်စီးတီးအတွက် ဒုတိယဂိုးကို မိနစ် ၇၀၌ အီလာနိုက ဘယ်ခြေဖြင့် အနီးကပ်ကန်သွင်းယူလိုက်ပြန်သဖြင့် ဒုတိယဂိုးရရှိခဲ့ပြီး ၇၆ မိနစ်၌ အီလာနိုကပင် အိုင်ယာလန် ချပေးလိုက်သည့် ဘောလုံးကို ညာခြေဖြင့် အပိုင်ကန်သွင်း ယူခဲ့သဖြင့် မန်စီးတီးတို့ သုံးဂိုးပြတ် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

(ယနေ့ပွဲ)

မန်ယူနှင့် ပို့စ်မောက်

(မြန်မာစံတော်ချိန် ဩဂုတ် ၂၆ရက် နံနက် ၁း၃၀နာရီ)

မန်စီးတီးနှင့် ဝက်စ်ဟမ်းတို့ပွဲစဉ်တွင် မန်စီးတီးကွင်းလယ်ကစားသမား အီလာနို(ယာ) ဤသို့ ဂိုးသွင်းယူခဲ့သည်။

25-8 (11).pmd 1 8/26/2008, 3:14 AM

မကွေးတိုင်းအတွင်း လမ်းတံတားတည်ဆောက်ရေးလုပ်ငန်းများ ဆောက်လုပ်ရေးဝန်ကြီး ပိုလ်ချုပ်စောထွန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၂၄

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စောထွန်းသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများ လိုက်ပါလျက် ဩဂုတ် ၂၂ရက် နံနက်က နေပြည်တော်-တောင်ညို-တောင်တွင်းကြီးလမ်းတစ်လျှောက် လမ်းတံတား ပြုပြင်ထိန်းသိမ်းထားရှိမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

မှာကြား

ထို့နောက် ဝန်ကြီးသည် လမ်းဆောက်လုပ်ရေးအထူးအဖွဲ့(၅) ဌေးချိုစခန်း ရှင်းလင်းဆောင်၌ တာဝန်ရှိသူများအား မိုးရာသီဖြစ်သော်လည်း လမ်းလုပ်ငန်းများကို ဆောင်ရွက်၍ရနိုင်သမျှ ဆောင်ရွက်သွားရန် မှာကြားသည်။

အရှိန်အဟုန်မြှင့်

ယင်းနောက် ဝန်ကြီးသည် တောင်တွင်းကြီး-မကွေး-ရေနံချောင်း-ချောက် လမ်းတစ်လျှောက် လမ်းပြုပြင်ထိန်းသိမ်းထားရှိမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး အနော်ရထာတံတား(ချောက်) ရိပ်သာရှင်းလင်းဆောင်၌ တာဝန်ရှိသူများက ချစ်ချောင်းတံတားနှင့် ယောချောင်းတံတား တည်ဆောက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်၊ ချောင်းမကြီး(၁)နှင့် ချောင်းမကြီး(၂)တွင် တံတားတိုင်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်၊ တံတားတိုင်နှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြမှုအပေါ် ဝန်ကြီးက သတ်မှတ်ချိန်အတွင်း ပြီးစီးရန်လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်မည့် အစီအစဉ်များရေးဆွဲပြီး ဆောင်ရွက်သွားကြရေး မှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြောက်ဥက္ကလာပ ဇမ္ဗူရတနာ မြတ်မင်္ဂလာအဖွဲ့ ဖွဲ့စည်း၊ လုပ်ငန်းညှိနှိုင်း

ရန်ကုန် ဩဂုတ် ၂၄

ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် ဇမ္ဗူအေးတိုက် မြတ်မင်္ဂလာကျောင်းတွင် ဇမ္ဗူရတနာမြတ်မင်္ဂလာအဖွဲ့ ဖွဲ့စည်းခြင်းနှင့် ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၁၇ရက်(တနင်္ဂနွေနေ့) ညနေ ၃နာရီက ကျင်းပသည်။

ရှင်းလင်းတင်ပြ

အခမ်းအနားတွင် အဖွဲ့၏ ပဓာနနာယက ဆရာတော် သဒ္ဓမ္မဇောတိကဓဇ အရှင်ဩဘာသက ဩဝါဒစကား မြွက်ကြားပြီး အဖွဲ့နာယက အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဦးအောင်ကြည်မြင့်၊ အဖွဲ့ဥက္ကဋ္ဌ ဆရာကြီးဦးချိုအေး (ACA) **(အပေါ်ပုံ)**နှင့် အတွင်းရေးမှူးဦးအောင်သိန်း (ထေရဝါဒဗုဒ္ဓတက္ကသိုလ်)တို့က အဖွဲ့၏ ဖွဲ့စည်းပုံနှင့် လုပ်ငန်းစဉ်များအကြောင်း ရှင်းလင်းတင်ပြကြသည်။

တိုးချဲ့ဖွင့်လှစ်နိုင်

မြတ်မင်္ဂလာကျောင်းတွင် ၁၉၈၅ခုနှစ်မှစ၍ ဇမ္ဗူရတနာယဉ်ကျေးလိမ္မာမင်္ဂလာ သင်တန်းအမည်ဖြင့် ဗုဒ္ဓဝင်နှင့် မင်္ဂလာ တရားတော်သင်တန်းများကို စတင်သင်ကြားခဲ့ရာ ယခုအခါ အင်္ဂလိပ်ဘာသာဖြင့် သင်ကြားပေးခြင်း၊ တရားပွဲနှင့်ဟောပြောပွဲများ၊ ပြပွဲပြိုင်ပွဲများကျင်းပခြင်း၊ ဗုဒ္ဓဝင်ဆိုင်ရာပန်းချီနှင့်ကွန်ပျူတာသင်တန်းများ ဖွင့်လှစ်ခြင်း၊ စာကြည့်တိုက်နှင့်ဆေးခန်း ဖွင့်လှစ်ခြင်း၊ မိဘမဲ့ကလေးများအတွက် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း တည်ထောင်ဖွင့်လှစ်ခြင်းများသာမက အဘိဓမ္မာ သင်တန်းများကိုပါ တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သည်။

ဆက်သွယ်နိုင်

လုပ်ငန်းများ စနစ်တကျ ပိုမိုဖွံ့ဖြိုး တိုးတက်အောင် ဆောင်ရွက်နိုင်ရေးအတွက် ဇမ္ဗူရတနာမြတ်မင်္ဂလာအဖွဲ့ကို အဖွဲ့ဝင် ၃၈ဦးဖြင့် ဖွဲ့စည်းထားကြောင်း၊ သင်တန်းတက်ရောက်လိုသူများနှင့် လှူဒါန်းလိုသူများအနေဖြင့် နာယက ဦးအောင်ကြည်မြင့် ဖုန်း-၂၅၂၇၇၇၊ ၀၉-၅၁-၉၇၇၇၇၊ ဥက္ကဋ္ဌ ဦးချိုအေး ဖုန်း-၆၉၉၅၁၈၊ ၀၉-၈၀-၂၀၄၀၀နှင့် မြတ်မင်္ဂလာကျောင်းရှိ ရုံးအဖွဲ့ ဖုန်း-၆၉၀၄၉၉ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

သက်ကြီးဝါရင့် အားကစားကလောင်ရှင်ကြီးများအား ဂုဏ်ပြုကန်တော့ပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၄

အားကစားစာပေများကို နှစ်ပေါင်းများစွာရေးသားခဲ့၍ အများလေးစား အသိအမှတ်ပြုရသည့် ကလောင်စွမ်းရည်ကို ပိုင်ဆိုင်ခဲ့သော အသက်(၇၀)နှင့်အထက် သက်ကြီးဝါရင့် အားကစားကလောင်ရှင်ကြီးများအား ဂုဏ်ပြုကန်တော့ပွဲကို မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ၏စီစဉ်မှုဖြင့် မြန်မာနိုင်ငံ အားကစားကလောင်ရှင်များ အဖွဲ့ချုပ်က လာမည့်အောက်တိုဘာလဆန်းတွင် ရန်ကုန်မြို့ ဗိုလ်အောင်ကျော်လမ်းရှိ **IHBC (International Health & Beauty Centre)** ခန်းမတွင်ကျင်းပရန်စီစဉ်ထားသည်။

ဆက်သွယ်လှူဒါန်းနိုင်

သက်ကြီးဝါရင့် အားကစားကလောင်ရှင် ၁၁ဦးတို့အား ငွေသားနှင့်ပစ္စည်းများဖြင့် ဂုဏ်ပြုကန်တော့မည်ဖြစ်ရာ ပါဝင်လှူဒါန်းလိုသော ပုဂ္ဂိုလ်များသည် အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦး ဖုန်း-၃၉၂၉၈၂၊ ၃၇၄၄၀၀၊ အဖွဲ့ချုပ် အတွင်းရေးမှူး ဦးစိုးမိုး ဖုန်း-၅၃၄၇၀၁၊ ၅၂၆၇၇၁ နှင့် တွဲဖက်အတွင်းရေးမှူး ဦးကျော်စိန်သန်း(အဖွဲ့ချုပ်ရုံး-အောင်ဆန်းအားကစားပြိုင်ကွင်း) ဖုန်း-၃၇၄၅၀၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

တာဝန်ထမ်းဆောင်ကြမည့် ဘောလုံးဒိုင်လူကြီးများ အထောက်အကူပြုပစ္စည်းများပေးအပ်

ရန်ကုန် ဩဂုတ် ၂၄

၂၀၀၈-၂၀၀၉ ဘောလုံးရာသီတွင် တာဝန်ထမ်းဆောင်ကြမည့် ဒိုင်လူကြီးများအား မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က အမှာစကားပြောကြားခြင်းနှင့် ဒိုင်လူကြီးအထောက်အကူပြုပစ္စည်းများ ပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့ မွန်းလွဲ၂နာရီက **Goal**ဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က အမှာစကားပြောကြားပြီး ၂၀၀၈-၂၀၀၉ ဘောလုံးရာသီတွင် တာဝန်ထမ်းဆောင်ကြမည့် ဒိုင်လူကြီးများကိုယ်စား ဒိုင်လူကြီးနှစ်ဦးအား ဝတ်စုံနှင့် အထောက်အကူပြု ပစ္စည်းများ ပေးအပ်သည်။**(အပေါ်ဝဲပုံ)** ထို့နောက်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်သည့်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးပြီး ဒိုင်လူကြီးများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

(မြန်မာ့အလင်း)

သင့်သွေးဖြင့် အသက်ကယ်ပါ

မြန်မာ့အလင်း စာတည်းထံပေးစာများ

စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာ အပြည့်အစုံရေးသား၍ နိုင်ငံသားစိစစ်ရေးကတ် မိတ္တူပူးတွဲကာ စာတည်းထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက် အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁) ဗဟန်းမြို့နယ် ရန်ကုန်မြို့သို့ လိပ်မူပြီး ပေးပို့နိုင်ပါသည်။

ပေါင်းတလည်-ပေါက်ခေါင်းလမ်းပြုပြင်ပေးပါ

စာတည်းခင်ဗျား-

ယခုနှစ် မိုးရာသီတွင် မိုးများသည်းထန်စွာ ရွာသွန်းသဖြင့် ပေါင်းတလည်-ပေါက်ခေါင်းလမ်းပိုင်း ၁၂မိုင်သည် ရေကျော်ခြင်းကြောင့် ချိုင့်ခွက်ကြီးများ ထူပြောခြင်း၊ တောင်ကျရေများကြောင့် လမ်းများပျက်စီးခြင်း ဖြစ်လျက်ရှိရာ မော်တော်ယာဉ်များ နေ့စဉ်နှင့်အမျှ မောင်းနှင်ရန် အန္တရာယ်ရှိပါသဖြင့် အဆိုပါလမ်းအား ပြုပြင်ပေးပါရန် တင်ပြအပ်ပါသည်။

ပေါက်ခေါင်းသား

ရေဆိုးများပိတ်ဆို့နေမှု ရှင်းလင်းပေးစေချင်

စာတည်းရှင့်-

၂၁-၇-၂၀၀၈ရက်ထုတ် မြန်မာ့အလင်း စာတည်းထံ ပေးစာအရ ၁၇လမ်းနှင့် လမ်းမတော် ပလာဇာလမ်းကြားတွင် အမှိုက်များ ရှင်းပြီးသော်လည်း ရေဆိုးများ၊ ရေပုပ်များကို ဖောက်ထုတ်ခြင်း မရှိသေး၍ ရေစီးဆင်းမှု မရှိဘဲခြင်း၊ ယင်များ ပေါက်ပွားလျက် ရှိသည့်ပြင် အပေါ်ထပ်ရှိအခန်းများမှ အမှိုက်များကို နောက်ဖေးလမ်းကြားသို့ စည်းကမ်းမဲ့ ထပ်မံပစ်ချနေပါသဖြင့် သက်ဆိုင်ရာမှ ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

၁၇လမ်းသူ

စည်ဘီယာဆိုင်မှ စင်တင်တေးဂီတသံ နားမခံသာ

စာတည်းခင်ဗျား-

ရန်ကုန်တိုင်း ရွှေပြည်သာမြို့နယ် အမှတ်(၁၂)ရပ်ကွက် ပုလဲလမ်း အမှတ် ၈၁ ဒိုင်နာကားဂိတ်ဟောင်း လမ်းတစ်ဖက်ခြမ်းရှိ မြန်မာစည်ဘီယာဆိုင်တစ်ဆိုင်သည် အသံလုံခန်းမရှိဘဲ စင်တင်တေးဂီတဖျော်ဖြေမှုကို နေ့စဉ် ညဥ့်နက်သန်းခေါင်အထိ ဆောင်းဘောက်ကြီးများဖြင့် ဆူညံကျယ်လောင်စွာ နားမခံသာအောင် အော်ဟစ်သီဆိုလျက်ရှိခြင်းကြောင့် ရပ်ကွက်ပြည်သူများ အိပ်စက်၍မရဘဲ ကျန်းမာရေးထိခိုက်ရပါသဖြင့် သက်ဆိုင်ရာမှ စိစစ်ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

နားမခံသာသူ

ခိုင်ရွှေဝါ(ဗဟို)လမ်းမ ပြုပြင်ပေးစေလို

စာတည်းခင်ဗျား-

ကမာရွတ်မြို့နယ် အမှတ်(၁)နှင့် (၃) ရပ်ကွက်အတွင်းရှိ ခိုင်ရွှေဝါ(ဗဟို)လမ်းမကြီးမှာ မော်တော်ကားများ၊ အနေးယာဉ်များ မောင်း၍မရနိုင်အောင် ချိုင့်ကြီးများ ထူပြောပြီး ပျက်စီးနေပါသဖြင့် သက်ဆိုင်ရာမှ ပြုပြင်ပေးပါရန် တင်ပြအပ်ပါသည်။

(၃)ရပ်ကွက်သား

ရေနုတ်မြောင်းပိတ်ဆို့မှု ဆောင်ရွက်ပေးပါ

စာတည်းခင်ဗျား-

မန္တလေးတိုင်း ချမ်းမြသာစည်မြို့နယ် ချမ်း/ တောင်အရှေ့ပိုင်း ၈၆၃ ရပ်ကွက်ရှိ အိမ်ရှေ့ရေနုတ်မြောင်းများမှာ အမှိုက်များ ပိတ်ဆို့နေ၍ ရေများလျှံပြီး အိမ်များအတွင်းသို့ရေများဝင်သည့်အပြင် အနံ့ဆိုးများ၊ ခြင်များကြောင့် ကျန်းမာရေးထိခိုက်နိုင်ပါသဖြင့် လိုအပ်သလိုဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

၈၆၃ ရပ်ကွက်သား

မြေနီလမ်း သွားလာ၍မရအောင် ပျက်စီးနေ

စာတည်းခင်ဗျား-

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်မြို့ တိလောကရပ်ကွက် အဝေရာ ၂လမ်းရှိ အရက်စက်ရုံတစ်ရုံ၏ ပုလင်းဆေး အလုပ်ရုံမှ ပုလင်းတင် ၁၀ဘီးကားများ၊ ရေသယ်ဘောက်ဆာယာဉ်များ နေ့ည ဝင်ထွက်နေခြင်းကြောင့် ရပ်ကွက်ပြည်သူများ ကိုယ့်အားကိုယ်ကိုး ခင်းထားသော မြေနီလမ်းမှာ သွားလာ၍မရအောင် ပျက်စီးနေပါသဖြင့် အဆိုပါလူနေရပ်ကွက်အတွင်းမှ ပုလင်းဆေး အလုပ်ရုံကြီးကို သင့်လျော်ရာသို့ ပြောင်းရွှေ့ပေးပါရန် တင်ပြအပ်ပါသည်။

ရပ်ကွက်ပြည်သူများ

နောက်ဖေးလမ်းကြားပိတ်ဆို့မှု ရှင်းလင်းပြီး

၁၆-၆-၂၀၀၈ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **တာမွေမြို့နယ် တာမွေကြီး (က+ဂ)ရပ်ကွက် ၁၆၁ လမ်း နှင့် ၁၆၂ လမ်းကြား နောက်ဖေးလမ်းကြား ပိတ်ဆို့မှု** ပေးစာနှင့်ပတ်သက်၍ ရှင်းလင်းဆောင်ရွက်ပြီးဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကြက်၊ဘဲ သားသတ်အနံ့ဆိုး ကျန်းမာရေးထိခိုက်မှုဆောင်ရွက်ပြီး

၁၆-၆-၂၀၀၈ ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **သဃ်္ဃန်းကျွန်းမြို့နယ် ရန်အောင်ရပ်ကွက် ရန်ငြိမ်းလမ်းဘေးရှိ ကြက်၊ ဘဲဆိုင် သားသတ်လုပ်ငန်း အနံ့ဆိုးများကြောင့် ကျန်းမာရေးထိခိုက်** ပေးစာနှင့်ပတ်သက်၍ သတ်မှတ်စည်းကမ်းနှင့်အညီ ရောင်းချရန် ဆောင်ရွက်ပြီးဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မြို့လယ်အိမ်သာ သန့်ရှင်းမှု ဆောင်ရွက်ပြီး

၂၅-၂-၂၀၀၈ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **ပန်းဘဲတန်းမြို့နယ် သိမ်တော်ကြီး ဓမ္မာရုံအတွင်း ဝင်ပေါက်ဘေးနှင့် အရှေ့မျက်နှာစာရှိ မြို့လယ်က အိမ်သာ သန့်ရှင်းစေချင်** ပေးစာနှင့်ပတ်သက်၍ ရှင်းလင်းဆောင်ရွက်ပြီးဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ညှော်နံ့ကြောင့် ကျန်းမာရေးထိခိုက်မှု ဆောင်ရွက်ပြီး

၁၁-၇-၂၀၀၈ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **ပြည်မြို့ ခေတ္တရာမြို့သစ် အဝေးပြေးဂိတ်အနီးရှိ ဘုရင့်နောင်လမ်းမကြီး အရှေ့ဘက်ခြမ်းတွင် အညှော်နံ့ကြောင့် ကျန်းမာရေးထိခိုက်** ပေးစာနှင့်ပတ်သက်၍ ဆောင်ရွက်ပြီးစီးပါကြောင်း ဖော်ပြအပ်ပါသည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

ပေကျင်းအိုလံပစ် နိုဂုံးသတ် ဆုတံဆိပ်ရရှိမှုဇယား

စဉ်	နိုင်ငံ	ရွှေ	ငွေ	ကြေး	စုစုပေါင်း
၁	တရုတ်	၅၁	၂၁	၂၈	၁၀၀
၂	အမေရိကန်	၃၆	၃၈	၃၆	၁၁၀
၃	ရုရှား	၂၃	၂၁	၂၈	၇၂
၄	ဗြိတိန်	၁၉	၁၃	၁၅	၄၇
၅	ဂျာမနီ	၁၆	၁၀	၁၅	၄၁
၆	ဩစတြေးလျ	၁၄	၁၅	၁၇	၄၆
၇	တောင်ကိုရီးယား	၁၃	၁၀	၈	၃၁
၈	ဂျပန်	၉	၆	၁၀	၂၅
၉	အီတလီ	၈	၁၀	၁၀	၂၈
၁၀	ပြင်သစ်	၇	၁၆	၁၇	၄၀
၁၁	ယူကရိန်း	၇	၅	၁၅	၂၇
၁၂	နယ်သာလန်	၇	၅	၄	၁၆
၁၃	ဂျမေကာ	၆	၃	၂	၁၁
၁၄	စပိန်	၅	၁၀	၃	၁၈
၁၅	ကင်ညာ	၅	၅	၄	၁၄
၁၆	ဘီလာရုစ်	၄	၅	၁၀	၁၉
၁၇	ရိုမေးနီးယား	၄	၁	၃	၈
၁၈	အီသီယိုးပီးယား	၄	၁	၂	၇
၁၉	ကနေဒါ	၃	၉	၆	၁၈
၂၀	ပိုလန်	၃	၆	၁	၁၀
၂၁	နော်ဝေ	၃	၅	၂	၁၀
၂၂	ဟန်ဂေရီ	၃	၅	၂	၁၀
၂၃	ဘရာဇီး	၃	၄	၈	၁၅
၂၄	ချက်	၃	၃	-	၆
၂၅	ဆလိုဗက်ကီးယား	၃	၂	၁	၆
၂၆	နယူးဇီလန်	၃	၁	၅	၉
၂၇	ဂျော်ဂျီယာ	၃	-	၃	၆
၂၈	ကျူးဘား	၂	၁၁	၁၁	၂၄
၂၉	ကာဇက်စတန်	၂	၄	၇	၁၃
၃၀	ဒိန်းမတ်	၂	၂	၃	၇
၃၁	ထိုင်း	၂	၂	-	၄
၃၂	မွန်ဂိုလီးယား	၂	၂	-	၄
၃၃	မြောက်ကိုရီးယား	၂	၁	၃	၆
၃၄	ဆွစ်ဇာလန်	၂	-	၄	၆
၃၅	အာဂျင်တီးနား	၂	-	၄	၆
၃၆	မက္ကဆီကို	၂	-	၁	၃
၃၇	တူရကီ	၁	၄	၃	၈
၃၈	ဇင်ဘာဘွေ	၁	၃	-	၄
၃၉	အဇာဘိုင်ဂျန်	၁	၂	၄	၇
၄၀	ဥဇဘက်ကစ္စတန်	၁	၂	၃	၆
၄၁	ဆလိုဗေးနီးယား	၁	၂	၂	၅
၄၂	ဘူလ်ဂေးရီးယား	၁	၁	၃	၅
၄၃	အင်ဒိုနီးရှား	၁	၁	၃	၅
၄၄	ဖင်လန်	၁	၁	၂	၄
၄၅	လတ်ဗီးယား	၁	၁	၁	၃
၄၆	ဘယ်လ်ဂျီယန်	၁	၁	-	၂
၄၇	ဒိုမီနီကန်	၁	၁	-	၂
၄၈	အက်စ်တိုးနီးယား	၁	၁	-	၂
၄၉	ပေါ်တူဂီ	၁	၁	-	၂
၅၀	အိန္ဒိယ	၁	-	၂	၃
၅၁	အီရန်	၁	-	၁	၂
၅၂	ဘာရိန်း	၁	-	-	၁
၅၃	ကင်မရွန်း	၁	-	-	၁
၅၄	ပနားမား	၁	-	-	၁
၅၅	တူနီးရှား	၁	-	-	၁
၅၆	ဆွီဒင်	-	၄	၁	၅
၅၇	ခရိုအေးရှား	-	၂	၃	၅
၅၈	လစ်သူရေးနီးယား	-	၂	၃	၅
၆၀	ဂရိ	-	၂	၂	၄
၆၁	ထရီနီဒက်နှင့်တိုဘာဂို	-	၂	-	၂
၆၂	နိုင်ဂျီးရီးယား	-	၁	၃	၄
၆၃	ဩစတြီးယား	-	၁	၂	၃
၆၄	အိုင်ယာလန်	-	၁	၂	၃
၆၅	ဆာဘီးယား	-	၁	၂	၃
၆၆	အယ်လ်ဂျီရီးယား	-	၁	၁	၂
၆၇	ဘာဟာမက်စ်	-	၁	၁	၂
၆၈	ကိုလံဘီယာ	-	၁	၁	၂
၆၉	ကာဂျစ်စတန်	-	၁	၁	၂
၇၀	မော်ရိုကို	-	၁	၁	၂
၇၁	တာဂျစ်ကစ္စတန်	-	၁	၁	၂
၇၂	ချီလီ	-	၁	-	၁
၇၃	အီကွေဒေါ	-	၁	-	၁
၇၄	အိုက်စလန်	-	၁	-	၁
၇၅	မလေးရှား	-	၁	-	၁
၇၆	တောင်အာဖရိက	-	၁	-	၁
၇၇	စင်ကာပူ	-	၁	-	၁
၇၈	ဆူဒန်	-	၁	-	၁
၇၉	ဗီယက်နမ်	-	၁	-	၁
၈၀	အာမေးနီးယား	-	-	၆	၆
၈၁	တရုတ်တိုင်ပေ	-	-	၄	၄
၈၂	အာဖဂန်နစ္စတန်	-	-	၁	၁
၈၃	အီဂျစ်	-	-	၁	၁
၈၄	အစ္စရေး	-	-	၁	၁
၈၅	မော်လ်ဒိုဗာ	-	-	၁	၁

ပေကျင်းအိုလံပစ်ပွဲတော်နောက်ဆုံးနေ့ပွဲစဉ်များ ယှဉ်ပြိုင်
အိမ်ရှင်တရုတ်တို့ ရွှေတံဆိပ်၅၁ခု ဆွတ်ခူးရရှိခဲ့

● ဆင်ဟွာသတင်းများကို အခြေခံ၍ မောင်မောင်မြင့်ဆွေ စုစည်းရေးသားသည်။ ●

စာမျက်နှာဖွဲ့စည်းမှု - ဉာဏ်ဟိန်းစိုး (မြန်မာ့အလင်း)

ပေကျင်း ဩဂုတ် ၂၄

၂၀၀၈ပေကျင်းအိုလံပစ်ပွဲတော် နောက်ဆုံးနေ့အဖြစ် လက်ကျန်ပွဲများကို ဆက်လက်ကစားရာ ပိတ်ပွဲနေ့ဖြစ်သည်နှင့်အညီ နိုင်ငံတကာမှ အားကစားသမားများ နောက်ဆုံးပိတ်အိတ်နှင့်လွယ် ဆိုသည့်အတိုင်း ရေကုန်ရေခန်း ယှဉ်ပြိုင်ခဲ့ကြသည်။

ထိုသို့ နောက်ဆုံးနေ့ ယှဉ်ပြိုင်ခဲ့ကြသည့် အားကစားပြိုင်ပွဲများမှ အောင်ပွဲရ အားကစားသမားများမှာ-

အမျိုးသား ၄၈ကီလိုတန်း လက်ဝှေ့ပြိုင်ပွဲ၌ ရွှေတံဆိပ်ဆွတ်ခူးခဲ့သူ တရုတ်လက်ဝှေ့သမား ရှီမင်ကျူ၏ အောင်ပွဲခံဟန်။

အမျိုးသားမာရသွန်

ပရိသတ်များ စိတ်ဝင်စားခြင်းခံရသည့် အမျိုးသားမာရသွန် အပြေးပြိုင်ပွဲ နောက်ဆုံး ဗိုလ်လုပွဲတွင် ကင်ညာအပြေးသမား ဆမ်မြူရယ်ဝမ်ဂျီရူက ၂နာရီ ၆မိနစ် ၃၂စက္ကန့်ဖြင့် ရွှေတံဆိပ်ဆွတ်ခူးသွားသည်။ မော်ရိုကိုအပြေးသမားဂါရစ်က ၂နာရီ ၇မိနစ် ၁၆စက္ကန့်ဖြင့် ငွေတံဆိပ်ရရှိခဲ့ပြီး အီသီယိုးပီးယား အပြေးသမား ကီဘီဒီက ၂နာရီ ၁၀မိနစ်ဖြင့် ကြေးတံဆိပ်ရရှိသွားသည်။

ဘတ်စကက်ဘော

အမျိုးသား ဘတ်စကက်ဘောပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲတွင် အမေရိကန် ဘတ်စကက်ဘောအသင်းက စပိန်အသင်းကို ၁၁၈မှတ်-၁၀၇မှတ်ဖြင့် အနိုင်ရရှိကာ ရွှေတံဆိပ် ဆွတ်ခူးသွားခဲ့ပြီး စပိန်တို့က ငွေတံဆိပ်ဖြင့်သာ ကျေနပ်ခဲ့ရသည်။

ကြေးတံဆိပ်ရယူနိုင်

ကြေးတံဆိပ်လုပွဲအဖြစ် အာဂျင်တီးနားအသင်းနှင့် လစ်သူရေးနီးယားအသင်းတို့ ယှဉ်ပြိုင်ကစားရာ အာဂျင်တီးနား အသင်းက ၈၇ မှတ်-၇၅မှတ်ဖြင့် အနိုင်ရရှိပြီး ကြေးတံဆိပ်ရယူနိုင်ခဲ့ခြင်း ဖြစ်သည်။

ကျွမ်းဘား

အမျိုးသမီးကျွမ်းဘား အဖွဲ့လိုက်ပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲတွင် ရုရှားကျွမ်းဘားအဖွဲ့က ၃၅ ဒသမ ၅၅၀မှတ်ဖြင့် ရွှေတံဆိပ်ဆွတ်ခူးခဲ့ပြီး တရုတ်ကျွမ်းဘားမယ်အဖွဲ့က ၃၅ဒသမ၂၂၅မှတ်ဖြင့် ငွေတံဆိပ်ရရှိခဲ့သည်။ ဘီလာရုစ်ကျွမ်းဘားမယ်အဖွဲ့က ၃၄ဒသမ၉၀၀မှတ်ဖြင့် ကြေးတံဆိပ်ရရှိခဲ့သည်။

အမျိုးသမီး ကျွမ်းဘားပြိုင်ပွဲ၌ ရွှေတံဆိပ်ဆွတ်ခူးသွားသော ရုရှားကျွမ်းဘားမယ်များအဖွဲ့၏ ယှဉ်ပြိုင်မှုမြင်ကွင်း....။

ဘော်လီဘော

အမျိုးသား ဘော်လီဘောပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲတွင် အမေရိကန်က ဘရာဇီးအသင်းကို သုံးပွဲ-တစ်ပွဲဖြင့် အနိုင်ရရှိခဲ့သဖြင့် ဘရာဇီးတို့ငွေတံဆိပ်ဖြင့် ကျေနပ်ခဲ့ရသည်။ ကြေးတံဆိပ်လုပွဲအဖြစ် ရုရှားနှင့် အီတလီတို့ပွဲတွင် ရုရှားတို့က သုံးပွဲပြတ်ဖြင့် အနိုင်ရရှိပြီး ကြေးတံဆိပ် ရရှိခဲ့သည်။

ဝါတာပိုလို

အမျိုးသားဝါတာပိုလိုပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲတွင် ဟန်ဂေရီက အမေရိကန်အသင်းကိုအနိုင်ရရှိပြီး ရွှေတံဆိပ်ဆွတ်ခူးသွားသဖြင့် အမေရိကန်တို့ ငွေတံဆိပ်ဖြင့်သာ ကျေနပ်ခဲ့ရသည်။ ကြေးတံဆိပ်လုပွဲအဖြစ် ဆာဘီးယားနှင့် မွန်တီနီဂရိုးအသင်းတို့ ယှဉ်ပြိုင်ကစားရာ ဆာဘီးယားအသင်းက ခြောက်ပွဲ-လေးပွဲဖြင့် အနိုင်ရရှိပြီး ကြေးတံဆိပ်ဆွတ်ခူးသွားသည်။

လက်ဝှေ့

အမျိုးသားလက်ဝှေ့ပြိုင်ပွဲ ၄၈ကီလိုတန်းလိုက်ဖလိုင်းဝိတ်တန်းနောက်ဆုံးဗိုလ်လုပွဲတွင် တရုတ်လက်ဝှေ့သမားရှီမင်ကျူက မွန်ဂိုလီးယားမှ ဆာဒမ်ဘာပူရီဗိုရီအား အနိုင်ရရှိပြီး အိုလံပစ်ချန်ပီယံခါးပတ် ဆင်မြန်းခွင့် ရရှိခဲ့သည်။

ထို့အတူ ဘင်တန်ဝိတ်တန်း၌ မွန်ဂိုလီးယားမှ အင်ဘတ်က ကျူးဘားမှ အက်လာကွန်အား အနိုင်ရရှိပြီး ဘင်တန်ဝိတ်တန်းချန်ပီယံခါးပတ် ရရှိသွားသည်။ တစ်ဖန်အမျိုးသား ကီလို ၆၀လိုက်ဝိတ်တန်းပြိုင်ပွဲတွင် နောက်ဆုံးဗိုလ်လုပွဲ၌ ရုရှားမှ တီချာချင်ကိုက ပြင်သစ်မှ ဒေလူဒါဆောအား အနိုင်ရရှိပြီး အိုလံပစ်ချန်ပီယံခါးပတ်ရရှိသွားခဲ့သည်။ ။



အမျိုးသား မာရသွန်အပြေးပြိုင်ပွဲ၌ ဆမ်မြူရယ်ဝမ်ဂျီရူ လွတ်လွတ်ကျွတ်ကျွတ် ပန်းဝင်ကာ ရွှေတံဆိပ်ဆွတ်ခူးခဲ့သည်။

ယူကရိန်းနှင့်ချယ်လ်ဆီးတိုက်စစ်မှူး ရှက်ဗ်ချင်ကို အေစီမီလန်သို့ ပြန်လည်ရောက်ရှိမည်

လန်ဒန် ဩဂုတ် ၂၄

ချယ်လ်ဆီးတိုက်စစ်မှူး ရှက်ဗ်ချင်ကိုသည် ၎င်း၏အသင်းဟောင်းအေစီမီလန်သို့ ပြန်လည်ရောက်ရှိတော့မည်ဖြစ်ပြီး ဩဂုတ် ၂၅ရက်**(ယနေ့)**တွင် အေစီမီလန်အသင်း၌ အပြီးသတ် ဆေးစစ်ဆေးမှုများ ပြုလုပ်မည် ဖြစ်သည်။ အသက် ၃၁နှစ်ရှိ ယူကရိန်းတိုက်စစ်မှူးရှက်ဗ်ချင်ကိုအား ၂၀၀၆ ခုနှစ်က ပေါင် သန်း ၃၀ဖြင့် ချယ်လ်ဆီးအသင်းက ဝယ်ယူခဲ့သော်လည်း ပရီမီယာလိဂ်တွင် ခြေစွမ်းမပြနိုင်ခဲ့ချေ။

ဖော်ပြ

ရှက်ဗ်ချင်ကိုသည် အေစီမီလန် သမိုင်းတွင် မကြုံစဖူးအောင် ဒုတိယ ဂိုးသွင်းအများဆုံး တိုက်စစ်မှူးဖြစ်ခဲ့ပြီး ၂၀၈ပွဲကစားရာတွင် ၁၂၇ဂိုးသွင်းယူနိုင်ခဲ့သည်။ ချယ်လ်ဆီးအသင်းသည် ရှက်ဗ်ချင်ကိုအား အေစီမီလန်အသင်းသို့ ပြန်သွားခွင့်ပြုရန် သဘောတူညီခဲ့ပြီးဖြစ်ကြောင်း၊ အသေးစိတ်သဘောတူညီမှုကိုမူ လျှို့ဝှက်ထားမည်ဖြစ်ကြောင်း ချယ်လ်ဆီးအသင်း၏ ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။ **(အင်တာနက်)**

ချစ်စိုးနိုင် စုစည်းသည်

ဂျာမန်ဘွန်ဒက်စ်လီဂါပွဲစဉ် ရလဒ်

(၂၄-၈-၂၀၀၈)

ဘိုချန်	၂ - ၂	ဝုဖ်ဘတ်ဂ်
အက်ဖ်စီအော့စဘတ်	၃ - ၀	အလန်း
ရော့စတော့	၁ - ၀	အယ်လ်မေးနီးယားအာချင်
အိုဗဟော့ဆင်	၂ - ၁	အင်ဂိုလ်စတက် ၀၄
အက်ဖ်စီကိုလုံး	၁ - ၁	ဖရန့်ဖတ်
အက်စ်ဗွီဝီဟင်	၁ - ၁	အမ်အက်စ်ဗွီဒွိုက်စဘတ်
၁၈၆၀မြူးနစ်	၁ - ၂	မိန့်ဇ်

ဘာဘာတော့ဗ်အား မန်ယူနည်းပြဖာဂူဆန် စူပါဖလားလုပွဲအမီ ခေါ်ယူရန် ရည်ရွယ်

လန်ဒန် ဩဂုတ် ၂၄

လွန်ခဲ့သည့်သီတင်းပတ်က ပရီမီယာလိဂ်ရာသီမစမီ ကစားသမားတစ်ဦးအား ခေါ်ယူခြင်းဖြင့် မန်ယူအသင်းအား အံ့အားသင့်သွားစေမည်ဟု ကတိပေးခဲ့သော်လည်း ပြောသလိုဖြစ်မလာခဲ့သဖြင့် ဖာဂူဆန်အနေဖြင့် အခက်တွေ့ခဲ့ရသည်။

ရည်ရွယ်ထား

မမျှော်လင့်ဘဲ ဆီလ်ဗက်စတာအား အာဆင်နယ်သို့ရောင်းလိုက်ရသော်လည်း မပြောပလောက်ပေ။ မန်စီးတီးမှ ဆစ်စီကိုလည်း ရအောင်မခေါ်နိုင်ဘဲ ဆစ်စီသည် ဆန်းဒါးလန်းနှင့် အငှားစာချုပ်ချုပ်ဆိုသွားခဲ့သည်။ ဖာဂူဆန်သည် စပါးတိုက်စစ်မှူး ဘာဘာတော့ဗ်အား ဩဂုတ်၂၅ရက် (ယနေ့)တွင် ပရီမီယာလိဂ်ပွဲစဉ် (၂)အဖြစ် ပို့စ်မောက်နှင့်ကစားရမည့် ပွဲမတိုင်မီ ခေါ်ယူနိုင်ရန်နှင့် ဩဂုတ်၂၉ရက်တွင် မိုနာကိုမြို့၌ ဇင်းနစ်အသင်းနှင့် ယူအီးအက်ဖ်အေ စူပါဖလားလုပွဲတွင် ပွဲဦးထွက် ပွဲထုတ်ရန် ရည်ရွယ်ထားသည်။ (အင်တာနက်)

လူသုံးများပြီးဈေးကောင်းရသော ဆေးဖက်ဝင်ကညွတ်ပင်များ ကျောက်မဲနှင့်သီပေါမြို့နယ်က ရှမ်းတောင်သူများ စိုက်ပျိုး ယခုအခါ အောင်မြင်ဖြစ်ထွန်းလျက်ရှိနေပြီ

သတင်းမှတ်စုနှင့် ဓာတ်ပုံ - သတင်းထောက် မောင်မောင်(ကျောက်မဲ) စာမျက်နှာဖွဲ့စည်းမှု - ကျင်သန်းဦး (မြန်မာ့အလင်း)

ကျောက်မဲ ဩဂုတ် ၂၃

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲ၊ သီပေါမြို့နယ်များအတွင်းရှိ ရှမ်းတောင်သူများသည် အိမ်နီးချင်းနိုင်ငံများတွင် လူသုံးများပြီး ဈေးကောင်းရလျက်ရှိသည့် ဆေးဖက်ဝင်ကညွတ်ပင်များကို စိုက်ပျိုးခဲ့ကြရာ ယခုအခါ အောင်မြင်ဖြစ်ထွန်းလျက် ရှိနေသည်။

ကညွတ်စို့ဖူးတစ်ပိဿာကို ကျပ်ငါးထောင်ဈေးရသည်။ လက်တစ်ဆုပ်စာ ကညွတ်စို့ဖူးတစ်စည်းလျှင် ကျပ် ၇၀၀ နှုန်းဖြင့် ကျောက်မဲဈေးကြီးတွင် ရောင်းချလျက်ရှိသည်ကို တွေ့ရသည်။

နွားနို့ဖြင့် ဖျော်သောက်

ကညွတ်စို့ဖူးကို သား၊ ငါး၊ ပုစွန်တို့ဖြင့် ကြော်စား၊ ချက်စားကြသည်။ တချို့က မကျက်တကျက်ပြုတ်ပြီး ဓားနှင့်ပါးပါးလှီးကာ သုပ်၍စားကြသည်။ အရသာမှာ ချိုခါးအရသာရှိသည်။ ခါးသက်သက်ဖြင့် ခံတွင်းရှင်းပြီး စား၍ကောင်းသည်။ ကညွတ်စို့ပြုတ်ရည်ကို နာနတ်ရည်နှင့် နွားနို့တို့ဖြင့် ရောစပ်၍ ဖျော်သောက်ကြသည်။

ကညွတ်စို့ဖူးကိုစားလျှင် ဆီးချို၊ သွေးတိုး၊ အဆုတ်ရောဂါ၊ နှလုံးသွေးကြောကျဉ်းရောဂါ၊ သွေးဝမ်းရောဂါ၊ အဆိပ်သင့်ရောဂါများ ပျောက်ကင်း၍ ခန္ဓာကိုယ်အတွင်းရှိ မလိုအပ်သော အဆီများကျစေပြီး အမျိုးသမီးများ မိခင်နို့ရည်ပြည့်ဖြိုးစေသည်ဟုသိရသည်။

ကညွတ်စို့ဖူးတွင် ကယ်လိုရီ၊ ပရိုတင်း၊ ကာဘိုဟိုက်ဒရိတ်ထ်၊ ဒိုင်တရီဖိုင်ဘာ၊ ပိုတက်စီယမ်၊ ဗီတာမင်စီ၊ ဖောရစ်၊ ဗီတာမင်အေ စသည့် ဓာတ်များပါဝင်သည်။

ယခုရှမ်းပြည်နယ်တွင် စိုက်ပျိုးသော ကညွတ်ပင်သည် မြန်မာနိုင်ငံအောက်ပိုင်းရှိ လယ်ကွင်းများထဲတွင် ရေကန်စွန်းပင်၊ ကနဖော့ပင်များနှင့် ရောထွေးပြီး ပေါက်လေ့ရှိသော ကညွတ်ပင်မျိုးနှင့် မတူဟုသိရသည်။ ယခုကညွတ်ပင်သည် ကုန်းမြေတွင် စနစ်တကျ အတန်းလိုက်စိုက်ပျိုးရသည်။ အပင်အမြင့်သုံးပေကျော် လေးပေခန့်ရှိပြီး အပင်လုံးပတ် တစ်လက်မခန့်ရှိသည်။ ပဲစေ့လုံးခန့် အသီးလေးများ သီးသည်။ စမုံစပါးပင်နှင့် ပုံစံတူသည်။

အတန်းလိုက်စိုက်ပျိုး

ကညွတ်ပင်ကို စိုက်ပျိုးရာတွင် အစေ့ကိုမြေဆွေးထည့်ထားသော ပျိုးပေါင်တွင် သုံးလခန့်ပျိုးရသည်။ အပင်ပေါက်လေးများထွက်လာသောအခါ ရွှေ့ပြီး အတန်းလိုက်စိုက်ပျိုးရသည်။ ၁၀ လခန့်ရောက်လျှင် အပင်အမြင့်သုံးပေကျော်ခန့်ရောက်ပြီး ကိုင်းအရွက်များ ဖြာလာသည်။ ၄င်းနောက် အပင်အောက်ခြေ အမြစ်များမှ ကညွတ်စို့ဖူး အညွန့်များပေါက်လာသည်။ ကညွတ်စို့ဖူးအညွန့်သည် လက်သန်းခန့်မှ လက်မခန့်အထိရှိပြီး အရှည်တစ်တောင်ကျော်ရှိသည့် အောက်ခြေ၌ နို့နှစ်ရောင်ရှိပြီး အဖျားတွင် အစိမ်းရောင် အဖူးအညွန့်လေးများရှိသည်။ ကညွတ်စို့ဖူးထွက်ချိန်သည် ကဆုန်လမှ တန်ဆောင်မုန်းလအထိ ဖြစ်သည်။

ယခုအခါ ကညွတ်ပင်များကို နဂါးမောက်ခြံ တောင်သူများကလည်း ၄င်းတို့၏ နဂါးမောက်ခြံတွင် နဂါးမောက်ပင် အတန်းကြား၌ စိုက်ပျိုးလာကြသည်ကို တွေ့ရသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နယ် ခဲမွန်ရွာရှိ အောင်မြင်ဖြစ်ထွန်းနေသော ဦးအိုက်ထွန်း၏ ကညွတ်စိုက်ခင်း တစ်စိတ်တစ်ဒေသကို တွေ့ရစဉ်။

မြင်းမူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ပိုင်ဈေးများ၊ စာသင်ကျောင်းများနှင့် မြို့ပေါ် ရပ်ကွက်ရေမြောင်းများအတွင်း ခြင်နှိမ်နင်းရေး လုပ်ငန်းများကို အဖွဲ့ ဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း ဆောင်ရွက်ရာ ဇူလိုင် ၂၇ရက်က အမှတ်(၄)နယ်မြေ အာသောကရပ်ကွက် အတွင်း ခြင်ဆေးဖျန်းခြင်းလုပ်ငန်းများကို အမှုဆောင် အရာရှိ ဦးသန်းဇော်နှင့် ရပ်ကွက် ဥက္ကဋ္ဌ ဦးမျိုးမြင့်အောင်တို့ ကြီးကြပ် ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မြိတ်မြို့နယ် ဘဝအလင်းစာကြည့်တိုက် အဆောက်အအုံဖွင့် စာအုပ်စာစောင်နှင့်အလှူငွေများ ပေးအပ်လှူဒါန်း

မြိတ် ဩဂုတ် ၂၀

မြိတ်မြို့နယ် မဇောကျေးရွာအုပ်စု ဝိုင်းတောင်ရွာ ဘဝအလင်းကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၅ရက် နံနက် ၈နာရီက အဆိုပါ အဆောက်အအုံ၌ ကျင်းပသည်။

ရှေးဦးစွာ ဘဝအလင်းစာကြည့်တိုက် အဆောက်အအုံသစ်ကို မြို့နယ်အတွင်းရေးမှူး ဒေါ်မွန်မွန်နိုင်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူးဦးလှမြင့်နှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမိုးမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။**(အပေါ်ပုံ)**

လက်ခံယူ

ဆက်လက်၍ စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မာရေး လုပ်ငန်းစဉ်များ ရှင်းလင်းဆွေးနွေးပွဲ ကျင်းပရာ မြို့နယ်အတွင်းရေးမှူး ဒေါ်မွန်မွန်နိုင်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ဦးစီးအရာရှိ ဒေါ်နီနီချိုက စာပေဖတ်ရှုရခြင်း၏အကျိုးကျေးဇူးများကိုလည်းကောင်း၊ မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူးက စာကြည့်တိုက်များ ရေရှည်တည်တံ့ ရှင်သန်ခိုင်မာရေး လုပ်ငန်းစဉ်များကို ရှင်းလင်း ဆွေးနွေးကြသည်။ ဆက်လက်ပြီး စာအုပ်စာစောင်များ၊ အလှူငွေများနှင့် ရေဒီယိုတို့ကို ပေးအပ်လှူဒါန်းရာ စာကြည့်တိုက် ကော်မတီဝင်များက လက်ခံယူကြသည်။

(ခရိုင် ပြန်/ဆက်)

ကျောင်းတော်ရာဆရာတော် မိုးကုတ်တရားစခန်းပွဲ

ရန်ကုန် ဩဂုတ် ၂၄

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ဗိုလ်ချုပ်ပြတိုက်လမ်း လင်းလွန်းပင်ကျောင်း သာသနာပြု နယ်လှည့်ဓမ္မကထိက အဖွဲ့ချုပ် ကမ္မဋ္ဌာနာစရိယ ကျောင်းတော်ရာ အရှင်စန္ဒောဘာသ(ဓမ္မာစရိယ၊ ဝိနယဝိဒူ)အရှင်သူမြတ်သည် တနင်္သာရီတိုင်း ထားဝယ်မြို့ ဘုမ္မော်ရပ်ဓမ္မစကြာပဋ္ဌိပတ္တိရိပ်သာကျောင်းတိုက်၌ ၁၃၇၀ပြည့်နှစ် ဝါခေါင်လပြည့်ကျော် ၅ရက်မှ ၁၁ရက် (ဩဂုတ် ၂၁ရက်မှ ၂၇ရက်)အထိ ကျင်းပမည့် ဝါတွင်းကာလ ခုနစ်ရက် တရားစခန်းပွဲကြီးတွင် ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါး တရားတော်များကို ဟောကြားမည်ဖြစ်ရာ မည်သူမဆို တရားစခန်းဝင်ရောက်နိုင်ကြောင်းနှင့် တရားနာကြွရောက်နိုင်ပါရန် အကျိုးတော်ဆောင်အဖွဲ့က နိုးဆော်ထားကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဌေးဝင်း ကြီးကြပ်၍ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးအတွက် စီမံချက်ချမှတ်ပြီး အမှိုက်များ ပိတ်ဆို့မှုကို ရှင်းလင်းဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ပြင်ဦးလွင်မြို့ သာယာလှပရေး လုပ်ငန်းဆောင်ရွက်

ပြင်ဦးလွင် ဩဂုတ် ၁၅

ပြင်ဦးလွင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့သာယာလှပရေးနှင့် စိမ်းလန်းစိုပြည်ရေး လုပ်ငန်းအတွက် မြို့ဝင်ဆိုင်းဘုတ်အနီးတွင် အလှပန်းများ အသစ်လဲလှယ်ခြင်း လုပ်ငန်းကို အငယ်တန်းအင်ဂျင်နီယာ(၂) ဦးသန့်ဇင် ခေါင်းဆောင်သော အဖွဲ့ဝန်ထမ်းများ ဆောင်ရွက်လျက်ရှိရာ ဇွန် ၁၂ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကိုလတ်နှင့် လက်ထောက်အင်ဂျင်နီယာ ဦးအောင်ဇော်မင်းတို့ ကွင်းဆင်းကြပ်မတ် ဆောင်ရွက်ပေးကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

ဒဂုံမြို့သစ်(တောင်ပိုင်း)ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်း ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုဆက်ကပ်လှူဒါန်း

ရန်ကုန် ဩဂုတ် ၂၄

ရန်ကုန် အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော (၁၄)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲ အခမ်းအနားကို ဩဂုတ် ၁၆ ရက် ညနေ ၃ နာရီက မြို့နယ်အသင်းရုံးခန်းမ၌ ကျင်းပရာ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဇော်ဦး၊ တွဲဖက်အတွင်းရေးမှူး ဒေါ်စုစုလှိုင်နှင့် အလုပ်အမှုဆောင်များ၊ ရပ်ကွက်၊ ကျေးရွာများမှ စည်းရုံးရေးမှူး၊ အမှုဆောင်များနှင့် အသင်းဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော် မဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တနရပတိထံမှ ငြိမ့်ပရိသတ်များက ငါးပါးသီလ ခံယူတည်ဆောက်ပြီး ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထု အစုစုတို့ကို ကြွရောက်တော်မူလာကြသော ပင့်သံဃာတော်များအား မြို့နယ်အသင်း အတွင်းရေးမှူးနှင့် တာဝန်ရှိသူများက ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ထံမှ ငြိမ့်ပရိသတ်များက အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြကြောင်း သိရသည်။ **(မြို့နယ် ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်း)**

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး(မြို့နယ်အဆင့်)ပြိုင်ပွဲကို ဩဂုတ် ၁၈ရက်က ပေါက်ခေါင်းမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းကျော်ကျော်က အဖွင့်အမှာစကားပြောကြားစဉ်။ (မြို့နယ် ထွေ/အုပ်ဦးစီး)

သာစည်၌ ပန်းအလှပင်များ ဖူးပွင့်ဝေဆာရေးဆောင်ရွက်

သာစည် ဩဂုတ် ၁၆

သာစည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ လမ်းဘေးဝဲယာနှင့် ပန်းခြံများတွင် ဆယ့်နှစ်လရာသီလုံး ပန်းများ ဖူးပွင့်ဝေဆာမှုရှိရေးအတွက် အဖွဲ့ဝန်ထမ်းများ ဆောင်ရွက်ထားရှိမှုကို ဇူလိုင် ၁၂ ရက်က မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မင်းနိုင်နှင့် အဖွဲ့ စည်သာပန်းခြံအတွင်း ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမောင်တိုးက ပန်းပင်များ ဖူးပွင့်ဝေဆာလှပစေရေးအတွက်ဆောင်ရွက်ထားမှုကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ (ဝဇ၄)

မင်းဘူး(စကု) မြို့နယ် ကမ္ဘာ့မြင်ကွင်း စာကြည့်တိုက်၌ အဆောက်အအုံ၊ ငွေနှင့် စာအုပ်များ လှူဒါန်း

မင်းဘူး ဩဂုတ် ၁၆

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်)ဦးစီးအရာရှိ ဦးတင်လတ်သည် မကွေးတိုင်း လက်ထောက်ညွှန်ကြားရေးမှူး ဦးဝေလင်း၊ မင်းဘူးခရိုင်ဦးစီးအရာရှိ ဦးသိန်းထွန်းအောင်နှင့် မင်းဘူး၊ စလင်း၊ ပွင့်ဖြူ၊ ငဖဲနှင့် စေတုတ္တရာမြို့နယ် ဦးစီးမှူးများ လိုက်ပါလျက် ဩဂုတ် ၆ ရက်က မင်းဘူး(စကု)မြို့နယ် လက်ခုပ်ပင်ကျေးရွာအုပ်စု သမထီးကျေးရွာ ကမ္ဘာ့မြင်ကွင်း စာကြည့်တိုက်ကို ကွင်းဆင်းကြည့်ရှုရာ မင်းဘူး(စကု) မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ဌာနဆိုင်ရာများနှင့် အလှူရှင်များ စုပေါင်းလှူဒါန်းသော တန်ဖိုးငွေကျပ် ၂၅၂၆၂၀၀ရှိ စာအုပ်၊ ငွေနှင့် စာကြည့်တိုက် အဆောက်အအုံ သုံးလုံးတို့ကို တာဝန်ရှိသူများက ပေးအပ်လှူဒါန်းကြောင်း သိရသည်။ (အပေါ်ပုံ)

(ခရိုင် ပြန်/ဆက်)

တောင်တွင်းကြီးမြို့နယ် ဘုန်းကြီးကျောင်းများသို့ ဆွမ်းဆန်နှင့် ဆီများ ဆက်ကပ်လှူဒါန်း

တောင်တွင်းကြီး ဩဂုတ် ၂၄

တောင်တွင်းကြီးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဦးဆောင်၍ မြို့ပေါ်ရှိ စာသင်တိုက်များ၊ ဘုန်းကြီးကျောင်းများသို့ ဆွမ်းဆန်နှင့် ဆီများ လှူဒါန်းခြင်း၊ ခြင်ဆေးဖျန်းခြင်းတို့ကို ဩဂုတ် ၂၀ ရက်နှင့် ၂၁ရက်က ဆောင်ရွက်သည်။

ဆက်ကပ်လှူဒါန်း

အခမ်းအနားတွင် မြို့နယ်အသင်း အတွင်းရေးမှူးဦးသန်းဝင်းနှင့် အလုပ်အမှုဆောင်များသည် မြို့ပေါ်ရှိ စွယ်တော်စဉ်စာသင်တိုက်၊ ကန်တော်မင်းကျောင်းစာသင်တိုက်၊ ရွှေမော်ဓောစာသင်တိုက်၊ မင်္ဂလာဇေယျုကျောင်း၊ သီရိမင်္ဂလာတိုက်သစ်ကျောင်း၊ ငါးဆင့်အနောက်ကျောင်းများသို့ (တစ်တင်းခွဲဝင်) ဆွမ်းဆန်နှစ်အိတ်နှင့် နှမ်းဆီသုံးပိဿာစီကို လည်းကောင်း၊ အောင်မြေဘုံကျောင်း၊ငါးဆင့်အရှေ့ကျောင်းများသို့ ဆွမ်းဆန်တစ်အိတ်နှင့် နှမ်းဆီသုံးပိဿာစီကိုလည်းကောင်း သွားရောက်ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက်ရပ်ကွက်စည်းရုံးရေးမှူးနှင့် အမှုဆောင်များ၊ အသင်းဝင်များကလည်း ကျောင်းဝင်း အတွင်း၊ အပြင် သန့်ရှင်းရေးလုပ်ငန်းများနှင့် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ကြသည်။

(ကြံ့ခိုင်ဖွံ့ဖြိုးရေး)

ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးလှမိုးထွန်းနှင့်အဖွဲ့ ဩဂုတ်၈ရက်က ကဝမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရုံးသို့ ရောက်ရှိပြီး ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် မြို့ပြ၊ ကျေးလက်လမ်းများအတွက် ဂဝံကျောက်များ စုဆောင်းထားရှိမှုကို ကွင်းဆင်းကြည့်ရှု စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသန်းဦးက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မော်လမြိုင်မြို့ရှိ သမိုင်းဝင် ဆံတော်ရှင် ဦးဇိနစေတီတော် ပရိဝုဏ်အတွင်း သာသနာစောင့် နတ်မင်းကြီးရုပ်တုတော် တည်ဆောက်ရေးအတွက် ဇူလိုင် ၈ရက်က အလှူရှင် မော်လမြိုင်မြို့ အောက်လမ်းမကြီး အမှတ် ၇၄၄နေ ဦးညီညီ-ဒေါ်တင်တင်မြ၊ သား မောင်တင်ဇော်ဦးနှင့် မောင်လွင်ထက်ပိုင်မိသားစုက ငွေကျပ်လေးသိန်းပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးလှတင်လက်ခံယူစဉ်။ (၀၁၄)

ကျောင်းကျန်းမာရေး အဆင့်မြင့်ကျောင်းဖွင့် စံပြဆုရကျောင်းများအား မြိတ်မြို့၌ ဂုဏ်ပြုဆုချီးမြှင့်

မြိတ် ဩဂုတ် ၂၂

တနင်္သာရီတိုင်း ကျန်းမာရေးဦးစီးဌာန အခြေခံပညာဦးစီးဌာနနှင့် တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့တို့ ကြီးမှူးကျင်းပသော ကျောင်းကျန်းမာရေး အဆင့်မြင့်ကျောင်းဖွင့်ပွဲနှင့် ကျောင်းကျန်းမာရေးသီတင်းပတ် လှုပ်ရှားမှု အထိမ်းအမှတ် အခမ်းအနားကို ဩဂုတ် ၁၅ရက် နံနက် ၁၀နာရီက မြိတ်မြို့ မြစ်ငယ် ရပ်ကွက် အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသည်။

ဖွင့်လှစ်

အခမ်းအနားတွင် တနင်္သာရီတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ တိုင်းမှူး၏ဇနီး ဒေါ်ခင်သန်းဌေးနှင့် ဒုတိယတိုင်းကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဒေါ်ခင်လှိုင်ဝေတို့က ကျောင်းကျန်းမာရေး အဆင့်မြင့်ကျောင်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ထူးချွန်ကျောင်းသားကျောင်းသူများက ကျောင်းကျန်းမာရေး အဆင့်မြင့် ကျောင်းဆိုင်းဘုတ်ကို ရွှေကြိုးဆွဲ၍ ဖွင့်လှစ်ပေးကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးက ကျောင်းကျန်းမာရေး သီတင်းပတ် လှုပ်ရှားမှုနှင့် ပတ်သက်၍ အဖွင့်အမှာစကား ပြောကြားပြီး တနင်္သာရီတိုင်း ပညာရေးမှူး ဦးခင်အောင်က ကျောင်းကျန်းမာရေး သီတင်းပတ်တွင် ပညာရေးဌာန၊ ကျန်းမာရေးဌာနနှင့် လူမှုရေးအဖွဲ့အစည်းများ ပူးပေါင်း ဆောင်ရွက်မှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

လှူဒါန်း

ထို့နောက် အခြေခံပညာအဆင့်ကျောင်းကျန်းမာရေး စံပြကျောင်းဆုရကျောင်းများအား တနင်္သာရီတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ တိုင်းမှူး၏ ဇနီး ဒေါ်ခင်သန်းဌေးနှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကြပြီး မြစ်ငယ်ရပ်ကွက် အခြေခံပညာမူလတန်းကျောင်းအတွက် သန့်ရှင်းရေးပစ္စည်းများကို တိုင်းမှူး၏ ဇနီးက ပေးအပ်လှူဒါန်းသည်။

(၀၄၃)

မြို့နယ် သတင်းများ

ဖလမ်းမြို့အဝင်၌ စုပေါင်းသစ်ပင်စိုက်ပျိုး

ဖလမ်း ဩဂုတ် ၂၂

အပတ်စဉ် စနေနေ့တိုင်း စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဩဂုတ်၁၆ရက် နံနက်၉နာရီက ကလေး-ဖလမ်း ကားလမ်း ချင်းပြည်နယ် ဖလမ်းမြို့ မြို့အဝင်ကြိုဆိုပါ၏ ဆိုင်းဘုတ်အနီး၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအုန်းမောင်စည်က ချယ်ရီပင်ကို စတင်စိုက်ပျိုးပေးသည်။

စုပေါင်းစိုက်ပျိုး

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးဇော်ဝင်းဌေး၊ ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာများနှင့် ကျင်မွာလ်ရပ်ကွက်ပြည်သူများ စုစုပေါင်းအင်အား ၂၀၀တို့က ဖလမ်း-ကလေးကားလမ်းဘေး ဝဲယာတစ်လျှောက် ချယ်ရီပင် ၁၀၀နှင့် ထင်းရှူးပင် ၇၀၀တို့ကို စုပေါင်းစိုက်ပျိုးကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ဖြူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပန်းခြံရှိပျိုးဥယျာဉ်၌ ပျိုးပင်များ ပျိုးထောင်ထားရှိမှု အခြေအနေကို ဇူလိုင် ၂၆ရက်က ပဲခူးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ချို ကွင်းဆင်းစစ်ဆေးကြပ်မတ်ဆောင်ရွက်မှုအပေါ် အမှုဆောင်အရာရှိ ဦးသန်းလင်းထွန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဇော်ဇော်စန်းတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ပဲခူးတိုင်း(အနောက်ပိုင်း) ရွှေတောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရွှေနတ်တောင်-ညောင်စာရေးလမ်းပေါ်ရှိ ကျေးလက်တံတား ကြံ့ခိုင်မှုကို ဇူလိုင် ၃၀ရက်က အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ် ပြန်/ဆက်)

ငါးမျိုးဝေငှ

သံဖြူဇရပ်မြို့နယ် ပင‌ကျေးရွာ ရေပြင်အတွင်းသို့ ငါးမျိုးစိုက်ထည့်ပွဲ အခမ်းအနားကို ဩဂုတ် ၁၂ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်က ရပ်ကွက် အမျိုးသမီးရေးရာ အဖွဲ့သို့ ငါးမျိုးအိတ်များ ဝေငှပေးစဉ်။ (ငါးဦးစီး)

ကျောင်းကုန်း၌ စာကြည့်တိုက်မှူး တာဝန်ပေးအပ် စာကြည့်တိုက်သင်တန်း ရည်ရွယ်ချက်ရှင်းလင်း

ကျောင်းကုန်း ဩဂုတ် ၂၀

ဧရာဝတီတိုင်း ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ်၌ စာကြည့်တိုက်မှူး တာဝန်ပေးအပ်ပွဲနှင့် စာကြည့်တိုက်သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဩဂုတ်၁၄ရက် နံနက် ၁၀နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အေးချမ်းသာယာ ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာမြို့နယ်ဥက္ကဋ္ဌဦးဉာဏ်လှိုင်က ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံး စာရေးများကိုယ်စား ဖျိုက်ကြီးကျေးရွာ စာရေးဦးမြသိန်းအား စာကြည့်တိုက်မှူးတာဝန် လွှဲပြောင်းပေးအပ်သည်။

သင်တန်းဖွင့်လှစ်ပို့ချ

ဆက်လက်ပြီး စာကြည့်တိုက်သင်တန်း ဖွင့်ပွဲကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဉာဏ်လှိုင်က စာကြည့်တိုက်မှူး တာဝန်ပေးအပ်ရခြင်း ရည်ရွယ်ချက်ကို ပြောကြားပြီး မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်လှပိုမိုက စာကြည့်တိုက် ရေရှည်တည်တံ့ရေး၊ စာကြည့်တိုက်မှူးများ၏ အရေးပါပုံ၊ စာကြည့်တိုက်အကြောင်း သိကောင်းစရာများနှင့် အခြားဌာနဆိုင်ရာ တာဝန်ရှိသူများက ဘာသာရပ်အလိုက် နှစ်ရက်ကြာ သင်တန်းဖွင့်လှစ်ပို့ချခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

တန့်ဆည်မြို့နယ် ဥက္ကဋ္ဌဖလား မိုးရာသီ ဘောလုံးပြိုင်ပွဲကျင်းပ

တန့်ဆည် ဩဂုတ် ၂၄

တန့်ဆည်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား မိုးရာသီ ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဩဂုတ်၂၀ရက် မွန်းလွဲ ၂နာရီက မြို့နယ်အားကစားကွင်း၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အသင်း အတွင်းရေးမှူးနှင့်အမှုဆောင်များ၊ အခြားလူမှုရေး အသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် ပြိုင်ပွဲဝင် ဘောလုံးအသင်း ၃၉သင်းမှ အားကစားသမားများ တက်ရောက်ကြသည်။

ထို့နောက် ကွင်းဖွင့်ပွဲတွင် ယှဉ်ပြိုင်မည့် ရွှေလှန်ကျေးရွာအသင်းနှင့် ကံကြီးကုန်းကျေးရွာအသင်းတို့ ယှဉ်ပြိုင်မှုများကို ကြည့်ရှုအားပေးခဲ့ကြသည်။

(ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်း)

မွေးနေ့ပူဇော်ပွဲနှင့် သိက္ခာထပ်မင်္ဂလာဖိတ်ကြားလွှာ

ရန်ကုန်တိုင်း၊ မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ်၊ ရတနာစံဦးတိုက် ရတနာမာရ်အောင် တောရမွေရိပ်သာ၏ ဦးစီးပဓာနနာယကဖြစ်တော်မူသော မြောက်ဦးဆရာတော်"ဝနဝါသီအရှင် ဝါယာမိန္ဒ"၏ သက်တော်(၄၉)နှစ်ပြည့် မွေးနေ့ပူဇော်ပွဲနှင့် သိက္ခာထပ်မင်္ဂလာပွဲကို ဆရာတော်ကြီး၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ကို အစဉ်လေးစားကြည်ညိုကြသော တပည့်ဒါယကာ၊ ဒါယိကာမများစုပေါင်း၍ သံဃာတော်အရှင်သူမြတ်အပါး၅၀တို့အား ဆွမ်း၊ သင်္ကန်းစသော လှူဖွယ်ပစ္စည်းများ လှူဒါန်းသော ဒါနကောင်းမှုအလှူပွဲကို ၁၃၇၀ ပြည့်နှစ် တော်သလင်းလဆန်း ၁ရက် (၂၀၀၈ခုနှစ် ဩဂုတ် ၃၁ရက်)တနင်္ဂနွေနေ့ နံနက် ၈နာရီမှစတင်၍ ကျင်းပပြီး နံနက် ၈း၃၀နာရီတွင် သိမ်ဆင်းလောင်းလှူမည်ဖြစ်၍ တပည့်ဒါယကာ၊ ဒါယိကာမများ မပျက်မကွက်ကြွရောက်ချီးမြှင့် ကြည်ညိုသဒ္ဓါပွားများနိုင်ကြရန် ဖိတ်ကြားအပ်ပါသည်။

လှူဒါန်းမှုနှင့် လိုအပ်သည်များကို ပြန်ကြားနိုင်ရန်-

ဆရာတော် ဖုန်း-၀၉-၅၁-၂၉၆၈၇၊ ဒေါ်တင်နွဲ့ရီ ဖုန်း-၀၉-၅၀-၁၂၈၇၄၊ ဦးသန်းတင် ဖုန်း-၂၉၆၃၁၂၊ ဦးဇော်ထွဋ်မင်း ဖုန်း-၇၀၄၅၆၇၊ ဒေါ်ချစ်ချစ်စိန် ဖုန်း-၅၇၂၂၁၅၊ ဒေါ်သိန်းသိန်း ဖုန်း-၃၇၅၅၀၃။

ဒါယကာ၊ဒါယိကာမများ
ရန်ကုန်၊ ပဲခူး။

ဟိုပင် အထက
တတိယအကြိမ် အာစရိယပူဇော်ပွဲ ပန်ကြားလွှာ

ကချင်ပြည်နယ် ဟိုပင်မြို့ အခြေခံပညာအထက်တန်းကျောင်း၌ ၁၉၉၈ခုနှစ်အထိ ပညာသင်ကြားခဲ့ကြသော ကျောင်းသား ကျောင်းသူဟောင်းများ၏ တတိယအကြိမ် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံညစာစားပွဲကို ကျင်းပမည်ဖြစ်ကြောင်း ဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများအား အသိပေး ပန်ကြားအပ်ပါသည်။

အောက်ပါဖုန်းနံပါတ်များဖြင့် ဆက်သွယ်၍ အလှူငွေများကို ထည့်ဝင်လှူဒါန်းနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

ကျင်းပမည့်နေ့ရက် ။ ။ ၁၃၇၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၂ရက်(တနင်္ဂနွေနေ့)၊ ၂၈-၁၂-၂၀၀၈ရက်

ကျင်းပမည့်နေရာ ။ ။ တေဇခန်းမ၊ အထက၊ ဟိုပင်။

ဆက်သွယ်ရန်

ရန်ကုန်မြို့ ။ ။	ဦးသန်းထွေး	ဖုန်း-၀၉-၅၀-၀၇၄၆၉	ဦးမြင့်ဝင်း	ဖုန်း-၀၁-၅၃၈၀၄၇
မန္တလေးမြို့ ။ ။	ကိုတူး(ခ)ဦးတင်မောင်မြင့်	ဖုန်း-၀၉-၂၀-၀၄၉၇၈	ဒေါ်ခင်ဝင်းကြည်	ဖုန်း-၀၉-၂၀-၀၅၁၆၃
	ဦးစိုးဝင်း	ဖုန်း-၀၂-၃၁၄၉၉	ဒေါ်ကြင်ကြင်ဦး	ဖုန်း-၀၉-၂၀-၂၉၈၁၇
ဟိုပင်မြို့ ။ ။	ဦးတင်မောင်မြင့်	ဖုန်း-၀၇၄-၆၂၅၉၃	ဒေါက်တာမြင့်လွင်	ဖုန်း-၀၇၄-၆၂၀၂၅
	ဦးတင်ငြိမ်း	ဖုန်း-၀၇၄-၆၂၅၅၄	ဒေါက်တာသန်းထွန်း	ဖုန်း-၀၉-၉၀-၅၄၆၅၀။



ပျောက်ဆုံးခြင်း

MT.443-ON 1687 ၏ ရေယာဉ်ဂရန် ပျောက်ဆုံးသွားပါ၍ တွေ့ရှိက အကြောင်းကြားပေးပါရန်။

မြန်မာ့ငါးလုပ်ငန်း
အမှတ် ၆၅၄၊ ကုန်သည်လမ်း၊
ရန်ကုန်မြို့။

ကျေးဇူးဆပ်ပါမည်

ကျွန်တော်မောင်သော်တာမင်း၏ နိုင်ငံကူးလက်မှတ်အမှတ်-၅၄၆၃၄၉ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ဆက်သွယ်ပေးပါရန်။

ဆက်သွယ်ရန်-
ဖုန်း-၅၅၃၆၂၂ လိုင်းခွဲ-၂၀၁။

အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏ မိတ်ဆွေဦးစိုးညွှန့် ၁၂/ဒဂန(နိုင်)၀၀၇၉၉၅၏ ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။ ဦးမြမောင်၊ ဒေါ်မြင့်မြင့်တို့၏ သား ကျွန်ုပ်တို့၏ မိတ်ဆွေဦးစိုးညွှန့် ၁၂/ဒဂန(နိုင်)၀၀၇၉၉၅ နှင့် ဦးခင်မောင်ဝင်း၊ဒေါ်ဝေဝေခင်တို့၏ သမီး ဒေါ်အေးအေးဝင်း(ခ)ဒေါ်ခိုင် ၁၂/ဒဂန(နိုင်)၀၀၇၉၉၄တို့သည် ၃၀-၆-၂၀၀၀ရက်မှစ၍ အကြင်လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲခဲ့ကြပြီး နှစ်ဦးပိုင်ပစ္စည်းများ အပေါ် ဒေါ်အေးအေးဝင်း(ခ)ဒေါ်ခိုင်မှ စွန့်လွှတ်၍ ဦးစိုးညွှန့်အား အပြီးအပိုင်လွှဲပြောင်း ပေးအပ်ခဲ့ပါသည်။ သို့သော်လည်း နောက်ပိုင်းတွင် ဒေါ်အေးအေးဝင်း(ခ)ဒေါ်ခိုင်၏ တောင်းခံမှုအရ ဦးစိုးညွှန့်ပိုင်ဆိုင်သည့် တာမွေမြို့နယ်၊ ကျောက်မြောင်း အရှေ့ရပ်ကွက်၊ မြို့သစ်(၂)လမ်း၊ အမှတ်၁၂(ငါးလွှာ၊ခေါင်းရင်းခန်း)တိုက်ခန်းအား လွှဲပြောင်းပေးအပ်ခဲ့ပြီး ဒေါ်အေးအေးဝင်း(ခ)ဒေါ်ခိုင်အနေဖြင့် နောက်နောင်ဦးစိုးညွှန့်ထံမှ ငွေကြေးပစ္စည်းတစ်စုံတစ်ရာ တောင်းခံရယူခြင်း၊ ဆက်သွယ်နှောင့်ယှက်မှု တစ်စုံတစ်ရာဆောင်ရွက်ခြင်း မပြုလုပ်ရန် ဝန်ခံကတိပြုခဲ့ပါသည်။ သို့ပါ၍ ကျွန်ုပ်တို့၏ မိတ်ဆွေဦးစိုးညွှန့်သည် ဒေါ်အေးအေးဝင်း(ခ)ဒေါ်ခိုင်နှင့် မည်သို့မျှသက်ဆိုင်မှု မရှိသည့်အတွက် ဦးစိုးညွှန့်အပေါ် ထိခိုက်နစ်နာစေရန် တစ်စုံတစ်ရာပြုလုပ်ခဲ့ပါက ကျွန်ုပ်တို့၏ မိတ်ဆွေဦးစိုးညွှန့်က ဥပဒေအရ ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-

ဦးစောဟန်ဝင်း LL.B **ဒေါ်စန်းစန်းမော်** LL.B၊ **ဒေါ်ချိုချိုအေး** LL.B၊ **ဒေါ်တင်မိုးနိုင်** LL.B

တရားရုံးချုပ်ရှေ့နေ **အထက်တန်းရှေ့နေများ**

အမှတ် ၈၃/၁၈၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၂၄၀၀၁၈။

ဦးစိုးညွှန့်၏ ရှေ့နေများ

မိဘအမည်မှန်

ကျိုင်းတုံမြို့ အလက(၃)သတ္တမတန်း (က)မှ နန်းစံနွန်း၏ မိဘအမည်မှန်မှာ ဦးအိုက်ရီ၊ ဒေါ်နန်းအွေကျောက်ဖြစ်ပြီး မွေးသက္ကရာဇ်အမှန်မှာ ၄-၆-၁၉၉၅ ဖြစ်ပါကြောင်း။

အမည်ပြောင်း

ကလေးမြို့ အထက(ခွဲ) ထောက်ကြန့် နဝမတန်းမှ မောင်သန့်ဇင်ဦးအား မောင်သန့်ဇင်ထွန်းဟု ပြောင်းလဲခေါ်ပါရန်။

မောင်သန့်ဇင်ထွန်း။

ဖခင်အမည်မှန်

အထက(၂) မင်္ဂလာဒုံမှ ၂၀၀၇-၂၀၀၈ တက္ကသိုလ်ဝင် စာမေးပွဲတွင် ဆမဒ-၄၉၉ဖြင့် အောင်မြင်ပြီးသူ မောင်ရဲမင်းထွန်း၏ ဖခင်အမည်မှန်မှာ ဦးကျင်လှိုင်ဖြစ်ပါသည်။

ဦးကျင်လှိုင်။

အမည်ပြောင်း

အဖ ဦးဇော်လွင်ဦး၏ သား ဗန်းမော်မြို့ အထက(၂) ဒုတိယတန်း (B)မှ မောင်သင့်မြတ်သူအား ယနေ့မှစ၍ မောင်ဟန်ဇော်ထွန်းဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ဟန်ဇော်ထွန်း။**

အမည်ပြောင်း

ဦးလှထွန်း၏ သား ကိုဇင်မင်းထွန်း ၁၂/ပဘတ(နိုင်)၀၀၄၅၅၃ အား ယနေ့မှစ၍ ကိုအောင်ကျော်ဇင်ဟု ပြောင်းလဲခေါ်ပါရန်။

ကိုအောင်ကျော်ဇင်။

အမည်မှန်

ဦးသန်းလွင်၏ သမီး မြောက်ဥက္ကလာပမြို့နယ် အလက-၁၀၊ ထ-၂(ခွဲ) တက္ကသိုလ်ဝင်တန်း (B)မှ မသဉ္ဇာစိုး၏ အမည်မှန်မှာ မသဉ္ဇာစိုး ဖြစ်ပါသည်။ **မသဉ္ဇာစိုး။**

ကားရောင်းမည်

Toyota Hilux ၈၅/Model ၁က/ရှစ်ထောင်ကျော် C.N.G တပ်ပြီး၊ အသင့်ပြင်ဆင်ပြီး။ ပွဲစားမလို။

ဆက်သွယ်ရန်
ဖုန်း-၀၉-၅၀-၃၉၁၇၂။

ကားငှားရန်အလိုရှိသည်

Light Truck, Vanitte, Dyna

ဆက်သွယ်ရန်လိပ်စာ

အိမ်အမှတ် ၂၆၊ ခွာညိုလမ်း၊ အောင်သစ္စာရပ်ကွက်၊ ကလေးမြို့၊

ဖုန်း-၂၁၁၇၃။

ကိတ္တိမသမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ၏ ကိတ္တိမသမီးဖြစ်သူ မယုယုအေး ၆/ထဝန(နိုင်)၀၇၇၇၁၉သည် မွေးစားမိခင် ဖြစ်သူကျွန်မအား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ကံသုံးပါးဖြင့် ပြစ်မှားကျူးလွန်နေပါ၍ ၁၃-၈-၂၀၀၈ရက်မှစ၍ ကိတ္တိမသမီးအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါကြောင်း။ ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝအား လုံးဝ(လုံးဝ)တာဝန်မယူကြောင်း ကြေညာအပ်ပါသည်။

မွေးစားမိခင်-ဒေါ်ကြွယ်စိန် ၆/ထဝန(နိုင်)၀၀၇၅၉၇။



ရောင်းချမည့်အကြောင်း ကြော်ငြာစာတွင်ပါရှိရန် အကြောင်းအရာများကို စီစဉ်သတ်မှတ်ရန်ချိန်းဆိုသော နေ့ရက်အကြောင်း၊ အကြောင်းကြားစာ

(တရားမကျင့်ထုံး ကိုဒဉပဒေအမိန့်-၂၁၊ နည်း-၆၆)
သာယာဝတီခရိုင်တရားမရုံးတော်၌
၂၀၀၈ ခုနှစ် ဇာရီမှုအမှတ်-၂၁
၂၀၀၇ခုနှစ် တရားမကြီးမှုအမှတ်-၆၀

မန်နေဂျာ **နှင့်** ၁။ ဦးဇေယျာမိုး

မြန်မာ့စီးပွားရေးဘဏ် ၂။ ဒေါ်စန္ဒာအောင်

ဇီးကုန်းမြို့။

ဒီကရီရသူ **တရားရှုံးများ**

၁။ ဦးဇေယျာမိုး ၂။ ဒေါ်စန္ဒာအောင်၊ ဆေးကျောင်းကွက်သစ် ၂လမ်း၊ အမှတ် (၅)ရပ်ကွက်၊ ဇီးကုန်းမြို့ သိစေရမည်။

အထက်အမည်ပါအမှုတွင် တရားရှုံးများပိုင် အပေါင်ပစ္စည်းကို ကြမ်းခင်းဈေးကျပ် ၇၅သိန်းဖြင့် ရောင်းချမည့်အကြောင်း ဒီကရီရသူ၊ မန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ်၊ ဇီးကုန်းမြို့က လျှောက်ထားသောကြောင့် သင်သိစေရန် အကြောင်းကြားလိုက်သည်မှာ ရောင်းချမည့်အကြောင်း ကြော်ငြာစာတွင်ပါရှိရန် အကြောင်းအရာများကို စီစဉ်သတ်မှတ်ရန် ၂၀၀၈ခုနှစ် စက်တင်ဘာ၁ရက် မွန်းမတည့်မီ ၁၀နာရီအချိန် ချိန်းဆိုပြီးဖြစ်သည်။

၂၀၀၈ခုနှစ် ဩဂုတ်၁၉ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ခင်စောဝင်း(တ/၁၇၃၄)
ဒုတိယခရိုင်တရားသူကြီး
သာယာဝတီခရိုင်တရားရုံး။

တစ်ဦးတည်းဖြစ်ပါကြောင်း

ညောင်လေးပင်မြို့ မြို့မ(၃)ရပ်ကွက် အေးသစ္စာလမ်းနေ မောင်ကောင်းစံထွေး ၇/ညလပ (နိုင်) ၁၂၇၇၁၅၏ ဖခင်အမည်မှန်မှာ ဦးအုန်းကျော်နှင့် ဦးခွေးကောင်မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

ဦးအုန်းကျော်(ခ)ဦးခွေးကောင်။

အမည်ပြောင်း

မြစ်ကြီးနားမြို့ မြေမြင့်ရပ်ကွက်နေ ဦးနမ်ကာယောဟန်၏ သမီးများဖြစ်သော အထက-၃ အဋ္ဌမတန်း(ဂ)မှ မဂျာဆန်အောင်အား မနမ်ကာဂျာဆန်အောင်ဟု လည်းကောင်း၊ ပထမတန်း(ခ)မှ မအက်စတာချန်ဆားရဲ့ရမ်အား မနမ်ကာအက်စတာဟု ပြောင်းလဲခေါ်ပါရန်။

မနမ်ကာဂျာဆန်အောင်နှင့်
မနမ်ကာအက်စတာ။

သက်ရှိ လောက တည်မြဲဖို့ သဘာဝ တောတွေ ထိန်းသိမ်းစို့

ကိုးဘွဲ့ရဆရာတော် မယ်တော်မွေးနေ့ပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၄

စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာတိုက်သစ်ကျောင်းတိုက်ကြီးမှ ဂန္ထဝါစက ပဏ္ဍိတ သဒ္ဓမ္မဇောတိကဓဇ နိုင်ငံတော် ဘွဲ့တံဆိပ်တော် ကိုးဘွဲ့ရ သာသနာပြု ဓမ္မကထိက ဆရာတော် အရှင်အာစာရာလင်္ကာရ အရှင်သူမြတ်၏ မွေးသမိခင် ကျေးဇူးရှင်မယ်တော်ကြီး ဒေါ်ညို၏ သက်တော်(၇၇)နှစ် မွေးနေ့ အလှူတော်မင်္ဂလာ အမှတ်တရ ကုသိုလ်ပွဲကို ဩဂုတ် ၃၁ရက် (တနင်္ဂနွေနေ့)တွင် စစ်ကိုင်း ရွှေဟင်္သာတိုက်သစ်ကျောင်းတိုက်ကြီး၌ ဆင်ယင် ကျင်းပမည်ဖြစ်သည်။

ယင်းမယ်တော်ကြီး ဒေါ်ညို မွေးနေ့အမှတ်တရအဖြစ် ရွှေဟင်္သာတိုက်သစ် သံဃာတော်အရှင်သူမြတ်များအား အထွေထွေ ရန်ပုံငွေ အလှူငွေ ကျပ်သိန်းတစ်ရာ၊ အခြား ဌာနကြီး ၉ရပ်တို့ကို ရန်ပုံငွေ အလှူငွေ ကျပ်သိန်းတစ်ရာနှင့် အရဏ်ဆွမ်းနှင့် နေ့ဆွမ်း ဆက်ကပ်လှူဒါန်းမည်ဖြစ်ရာ စိတ်ပါဝင်စားသူမည်သူမဆို ကြွရောက်ကြည်ညို ကုသိုလ်ယူနိုင်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ညောင်ရွှေမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ဇွန် ၂၂ရက်က မြို့ဝင်ဆိုင်းဘုတ်တွင် ပန်းအလှပင်များ စိုက်ပျိုးခြင်းနှင့် ချုံနွယ်များရှင်းလင်းခြင်း လုပ်ငန်းများကို စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ စုပေါင်းဆောင်ရွက်ရာသို့ အမှုဆောင်အရာရှိ ဦးလင်းထွဋ်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးခင်မောင်တိုးတို့ ကြီးကြပ်ပေးစဉ်။ (မြို့နယ်စည်ပင်)

ပန်းအလှပင် စိုက်ပျိုး

ဇူလိုင် ၁၃ရက်က ပုလောမြို့ အမှတ်(၄)ရပ်ကွက် ဆေးရုံလမ်းဘေး ဝဲယာတစ်လျှောက် ပေါင်းမြက်များ မြက်ဖြတ်စက်ဖြင့် ရှင်းလင်းခြင်းနှင့် ကြေးနီ ကြေးဝါ ပန်းအလှပင်များ စိုက်ပျိုးခြင်း လုပ်ငန်းကို မြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ဆောင်ရွက်ကြရာ အမှုဆောင်အရာရှိ ဦးဇော်နိုင်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမျိုးမင်းအောင်တို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (နယ်စပ်/စည်ပင်)

ငါးသယံဇာတများ တိုးပွားစေရေး သနပ်ပင်၌ ငါးမျိုးများ စုပေါင်းစိုက်ထည့်

သနပ်ပင် ဩဂုတ် ၁၆

ပဲခူးတိုင်း ငါးလုပ်ငန်းဦးစီးဌာန၏ ညွှန်ကြားမှု၊ ပဲခူးခရိုင် ငါးလုပ်ငန်းဦးစီးဌာန၏ အနီးကပ်ကြီးကြပ်မှုဖြင့် သနပ်ပင်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ငါးသယံဇာတ တိုးပွားရေး၊ ငါးထုတ်လုပ်မှုတိုးတက်စေရေးနှင့် ကျေးလက်နေပြည်သူများ ငါးစားသုံးမှုပိုမိုစေရန်အတွက် ဇူလိုင် ၂၃ရက် နံနက်က သနပ်ပင်မြို့နယ် စစ်တောင်းတူးမြောင်း၊ သဘာဝရေပြင်များနှင့် ရေလွှဲပေါက်များအတွင်း ငါးမျိုးစိုက်ထည့်ပွဲ ကျင်းပရာ အခမ်းအနားသို့ ပဲခူးခရိုင် ငါးလုပ်ငန်းဦးစီးမှူး ဒေါ်မြင့်သိန်း၊ သနပ်ပင်မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကြည်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ငါးလုပ်ငန်းဦးစီးမှူး ဦးအောင်ဇော်ဝင်းနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများက ငါးမြစ်ချင်းနှင့် ငါးခုံးမကောင်ရေ ၁၇ ဒသမ ၈ သိန်း ငါးမျိုးစိုက်ထည့်ပေးကြသည်။ **(အောက်ပုံ)** **(၀၅၀)**

သွေးလွန်တုပ်ကွေး ကာကွယ်ရေး ပိုးလောက်လမ်းနှိမ်နင်း

တန့်ယန်း ဩဂုတ် ၁၈

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်၌ မြို့နယ်ကျန်းမာရေးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့်လူမှုရေးအသင်းအဖွဲ့တို့ပူးပေါင်း၍ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးအတွက် ရေတွင်း၊ ရေကန်၊ ရေအိုးများ၊ရေနုတ်မြောင်းများ၊တာယာဟောင်းများ၊ ချုံနွယ်များအတွင်းရှိ ပိုးလောက်လမ်း ကာကွယ်နှိမ်နင်းရေး လုပ်ငန်းများကို ဩဂုတ် ၁ရက်က တန့်ယန်းမြို့နယ် အမှတ်(၅)ရပ်ကွက်၌ ဆောင်ရွက်ကြသည်။

အဆိုပါ လုပ်ငန်းများကို မြို့နယ်ကျန်းမာရေးဦးစီးဌာန မြို့နယ်ဆရာဝန် ဒေါက်တာသောင်းဒန်ဦး ဦးဆောင်လျက် ကျန်းမာရေးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများ၊ မြို့နယ်မီးသတ်နှင့် ကြက်ခြေနီတပ်ဖွဲ့တို့မှ အဖွဲ့ဝင်များ လိုက်ပါလျက် ဆောင်ရွက်ကြပြီး မြို့ပေါ်ရပ်ကွက် အသီးသီးတို့၌လည်း ဆက်လက် ဆောင်ရွက်လုပ်ကိုင်ကြမည်ဖြစ်သည်။ **(မြို့နယ် ပြန်/ဆက်)**

ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ ၂၀၀၇-၂၀၀၈ခုနှစ်အတွက် ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနားကို ဩဂုတ်၁၅ရက်က အဆိုပါရုံးခန်းမ၌ကျင်းပပြီး မော်ကွန်းဝင်များ၊ အသက်(၇၅)နှစ်ပြည့် အဖွဲ့ဝင်များ၊ မသန်စွမ်းအဖွဲ့ဝင်များ၊ နယ်မြေစည်းရုံးရေးမှူးများ၊ အဖွဲ့ဝင်များ၏ သား သမီး ကျောင်းသားကျောင်းသူများနှင့်သင်တန်းထူးချွန်ဆုရအဖွဲ့ဝင်များအတွက်ထောက်ပံ့ငွေကျပ်၁၀၄၃၀၀၀ ကိုပေးအပ်ရာ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ကြီးအောင်မြင့်(ငြိမ်း)က ကျောင်းသူ မဇင်မာသန့်အား ထောက်ပံ့ငွေပေးအပ်စဉ်။ (စစ်မှုထမ်းဟောင်းအဖွဲ့)

25-8 (17).pmd 1 8/26/2008, 3:32 AM

လေဘောသင့်ပြည်သူများအတွက် လျှုဒါန်းကြရာတွင် -

- မည်သူမဆို လွတ်လပ်စွာ လျှုဒါန်းနိုင်ပါသည်။
- မည်သူ့ထံကိုမဆို မည်သည့်ဒေသ၌မဆို လျှုဒါန်းနိုင်ပါသည်။

သို့ရာတွင် စနစ်တကျမရှိသော လျှုဒါန်းမှုမျိုးနှင့် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အပြုအမူများကိုမူ ရှောင်ရှားကြပါရန် နှိုးဆော်အပ်ပါသည်။

★ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင် လုပ်နေသည်
★ BBC ညာနေသည်
VOA လိမ်နေသည်
RFA ရန်တိုက်ပေးနေသည်
★ အဲဒီ ကုန်းချောသွေးထိုးသူများ မယုံလေနဲ့ သတိထား

တစ်ကမ္ဘာလုံး ချစ်ခင်ရင်းနှီးမှုကို ဖော်ဆောင်ပြသခဲ့သည့် ပေကျင်းအိုလံပစ်ပွဲတော်ပိတ်ပွဲမြင်ကွင်း

၂၀၀၈ ပေကျင်းအိုလံပစ်ပွဲတော် ပိတ်ပွဲအခမ်းအနား၌ နိုင်ငံပေါင်း ၂၀၄ နိုင်ငံမှ အားကစားအဖွဲ့ကိုယ်စားပြု အလံကိုင်များနှင့် အောင်ပွဲရ ကစားသမားအချို့၏ စုစည်းမှုပြကွက်ကို ဤသို့ဖော်ညွှန်းပြသခဲ့သည်။ (မြန်မာ့အလင်း)

အင်တာနက်သတင်း - မောင်မောင်မြင့်ဆွေ
စာမျက်နှာဖွဲ့စည်းမှု - တိုးလွင်(မြန်မာ့အလင်း)

ပေကျင်း ဩဂုတ် ၂၄

၂၀၀၈ ပေကျင်းအိုလံပစ်ပွဲတော် ပိတ်ပွဲအခမ်းအနားကို တရုတ်နိုင်ငံ ပေကျင်းမြို့ရှိ အမျိုးသားအားကစားရုံ(ငှက်သိုက်ပုံစံ)၌ ဩဂုတ် ၂၄ရက် ည ၈နာရီက ခမ်းနားသိုက်မြိုက်စွာ ကျင်းပသည်။

လျှပ်စစ်မီးရှူးမီးပန်းလွှတ်တင်ကာ ရောင်စုံဆလိုက်မီးများဖြင့် ရှုမငြီးစရာ ထိန်ထိန်လင်းနေသော(ငှက်သိုက်ပုံစံ) အမျိုးသားအားကစားရုံ အတွင်း၌ တရုတ်နိုင်ငံ ခေါင်းဆောင်များနှင့် နိုင်ငံတကာမှ အကြီးအကဲများ၊ သံတမန်များ၊ နိုင်ငံတကာအိုလံပစ်ကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ နိုင်ငံတကာမှ အားကစားသမားများ၊ တရုတ်ရိုးရာ ယဉ်ကျေးမှု အဝတ်အစားများ ဆင်မြန်းထားသော တရုတ်အမျိုးသမီးငယ်များ၊ သရုပ်ပြ မောင်မယ်များ တက်ရောက်ခဲ့ကြသည်။ *စာမျက်နှာ ၉ ကော်လံ ၁* ✻

အကြီးကျယ်ဆုံးနှင့် အခမ်းနားဆုံး ပေကျင်းအိုလံပစ်ပွဲတော် အိမ်ရှင်တရုတ်နိုင်ငံ အောင်မြင်စွာ ကျင်းပနိုင်ခဲ့

ပေကျင်းအိုလံပစ်သတင်းဆွေ့သည်နှင့် ဓာတ်ပုံမှတ်တမ်းတင် - သတင်းထောက်တင်စိုး(မြန်မာ့အလင်း)
စာမျက်နှာဖွဲ့စည်းမှု - သန်းဇော်(မြန်မာ့အလင်း)

ရန်ကုန် ဩဂုတ် ၂၄

(၂၉)ကြိမ်မြောက် အိုလံပစ်အားကစားပြိုင်ပွဲ အိမ်ရှင်အဖြစ်လက်ခံကျင်းပခွင့်ရရှိသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် ၂၀၀၈ ပေကျင်းအိုလံပစ်အားကစားပြိုင်ပွဲကို ဩဂုတ် ၈ရက်မှ စတင်ကာ ၂၄ရက်အထိ ခြိမ့်ခြိမ့်သဲသဲ အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပြီဖြစ်သည်။

လေ့လာ

မြန်မာသတင်းကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ၂၀၀၈ ပေကျင်းအိုလံပစ်အားကစားပြိုင်ပွဲများ ကျင်းပနေမှုကို လေ့လာနိုင်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၏ ဖိတ်ကြားချက်ဖြင့် ဩဂုတ် ၁၉ရက်မှ ၂၄ရက်အထိ သွားရောက်ခဲ့ကြသည်။ ယင်း ၂၀၀၈ ပေကျင်းအိုလံပစ်အားကစားပြိုင်ပွဲ သတင်းများလေ့လာရယူနိုင်ရန် အာဆီယံနိုင်ငံများမှ သတင်းပြန်ကြားရေးကိုယ်စားလှယ်များလည်း လာရောက်ခဲ့ကြသည်။

ခံစားမိ

မိမိတို့သတင်းအဖွဲ့သည် ဩဂုတ် ၁၉ရက် နံနက်ပိုင်းက တရုတ်လေကြောင်း စီအေ-၉၀၆ လေယာဉ်ဖြင့် ရောက်ရှိသွားရာ ပေကျင်းမြို့တစ်ခွင်လုံး ခံ့ညားလှပသော မိုးမျှော်တိုက်တာများ နေရာအနှံ့ ဦးစွာတွေ့မြင်လိုက်ရသည့်အတွက် အိုလံပစ်ပွဲတော်ဂုဏ်ဒြပ်နှင့် လိုက်ဖက်ညီလှသည်ဟု တွေ့ထိခံစားလိုက်ရသည်။ *စာမျက်နှာ ၁၁ ကော်လံ ၁* ●

၂၀၀၈ ပေကျင်းအိုလံပစ်အားကစားပြိုင်ပွဲ နောက်ဆုံးနေ့ အမျိုးသား မာရသွန်အပြေးပြိုင်ပွဲ ဗိုလ်လုပွဲတွင် နိုင်ငံတကာမှ မာရသွန်အပြေးအားကစားသမားများ အကြိတ်အနယ်ယှဉ်ပြိုင်နေသည်ကို ချိုင်းနားဒေးလီးသတင်းစာက ဤသို့ဖော်ပြခဲ့သည်။ (မြန်မာ့အလင်း)